ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၅ ရက်၊ အင်္ဂါနေ့၊ (6-7-2004) (၄၂၈၆)

မာတာပိတု ဥပဋ္ဌာနံ ဧတံ မင်္ဂလ မုတ္တမံ။

အမိအဖတို့ကို ကောင်းစွာ လုပ်ကျွေး မွေးမြူခြင်းသည် မြတ်သောမင်္ဂလာ မည်၏။



ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ရက်က မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးမြို့ ဗဟို အမျိုးသမီးဆေးရုံသစ်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး (မန္တလေး) ဖွင့်ပွဲ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၅

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၃ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် မန္တလေးမြို့၌ကျင်းပသည့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး) ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို အဆိုပါဆေးရုံသစ်ကြီးရှေ့ မျက်နှာစာ၌ကျင်းပရာ ဆရာဝန်နှင့် ဆရာမများက ဆေးရုံသစ်ကြီး၏ ကြွေပြား ဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးလိုက်ကြသည်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ▲**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမတွင် ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်း ဖတ်ကြားတင်ပြ

ရန်ကုန် ဇူလိုင် ၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ခုဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ နိုင်ငံရေး ပါတီများဖြစ်သည့် ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐**

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ် ရေးထိုးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ
The Mirror

၆-၇-၂၀၀၄
(အင်္ဂါနေ့)

အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အရည်အသွေးပြည့်ဝသူများ လေ့ကျင့်ပျိုးထောင်

ခေတ်မီတိုးတက်သည့် နိုင်ငံတစ်နိုင်ငံတည်ထောင်ရာတွင် စက်မှုအတတ်ပညာရှင်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရှင်များအပါအဝင် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

မျက်မှောက်ခေတ်သည် သိပ္ပံနှင့် နည်းပညာရပ်များက ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအားလုံးကို လွှမ်းမိုးလာနေသော နည်းပညာခေတ်အချိန်အခါဖြစ်သည်။ ထို့အပြင် သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှု၌ အသာစီးရနေသည့် နိုင်ငံကြီးအချို့က အယူဝါဒရေး၊ လုံခြုံရေး၊ ကာကွယ်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးအကြောင်းပြချက် အမျိုးမျိုးဖြင့် ဗန်းပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအား ခုတုံးလုပ် အသုံးချနေသည်များကို တွေ့မြင်ကြားသိနေရသည်။

ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနှင့်နည်းပညာရပ်များကို အမီလိုက်ပါနိုင်ရေး ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။ နိုင်ငံနှင့် လူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ရေးတို့အတွက် အမျိုးသားရေးစွမ်းအားများကို အခိုင်အမာ တည်ဆောက်ထားရမည်ဖြစ်သည်။

အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည့် မျက်မှောက်ကမ္ဘာတွင် ပညာရည်မြင့်မားသောလူမျိုး၊ အသိအမြင်ကြွယ်ဝပြီး အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာသော လူမျိုးသာလျှင် မိမိနိုင်ငံ၏ အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဇူလိုင်လ ၂ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅)သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် **တက္ကသိုလ်ဆရာ၊ ဆရာမများအားလုံးက ယနေ့ကျောင်းသူ၊ ကျောင်းသားလူငယ်များအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်ပေးနေသည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ၊ အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးနှင့် ယနေ့ကျောင်းသား၊ ကျောင်းသူလူငယ်များကို နိုင်ငံတော်၏ အနာဂတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဆက်လက်တည်ဆောက် ကာကွယ်နိုင်သည့် စွမ်းအား၊ အရည်အသွေး၊ စိတ်ဓာတ်တို့ဖြင့် ပြည့်ဝလာစေရေး နိုင်ငံတော်၏ကိုယ်စား ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရန်** တိုက်တွန်းမှာကြားခဲ့သည်။

တက္ကသိုလ်ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို စာပေပညာ သင်ကြားပေးရုံသက်သက်သာမက တွေးခေါ်မြော်မြင် စဉ်းစားချင့်ချိန်နိုင်သည့် အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းလာစေရေး အသိပညာပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံတွင် သက်ဆိုင်ရာသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အမျိုးသားရေး စွမ်းဆောင်ရည် ထက်မြက်မြင့်မားနေစေရန် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် ပညာရေးဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာစေရန် တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မတိုင်မီက အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၃၂ခုသာရှိခဲ့ရာမှ ယခုအခါ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်း ၁၅၆ ခုအထိရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက အမျိုးသားရေး မျှော်မှန်းချက်များနှင့်အညီ လူငယ်လူရွယ် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိချိန်တွင် တက္ကသိုလ်ဆရာ၊ ဆရာမများအားလုံးက အနာဂတ်နိုင်ငံတော်ကို ဆက်လက်တည်ဆောက် ကာကွယ်နိုင်မည့် စွမ်းအား၊ အရည်အသွေး၊ စိတ်ဓာတ်ပြည့်ဝသည့် လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေး ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇူလိုင် ၅

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၊ စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်မှူးကြီး မောင်မောင်ရှိန်က ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ယင်းနောက် အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီနှင့် လုံခြုံရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့နှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြု ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ယခုကဲ့သို့ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်ကြရေးနှင့် ဆောင်ရွက်နေသောလုပ်ငန်းများ အရှိန်အဟုန်မပျက်စေရေးအတွက် ပိုမိုကြိုးပမ်း အလေးထားဆောင်ရွက်ကြရေး တိုက်တွန်း မှာကြားလိုကြောင်းဖြင့် မှာကြားပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲ ၂နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မိုးရေချိန်

(၅-၇-၂၀၀၄)

မင်္ဂလာဒုံ - ၀ ဒသမ ၃၅လက်မ
ကမ္ဘာအေး - ၀ ဒသမ ၁၅လက်မ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်ရန်ကင်း စက်မှု(၁)လမ်း၊ တိုက်(၃၅၄) အခန်း(၈)နေ ကွယ်လွန်သူ ဒေါ်ခင်ဝင်းနှင့် မောင်နေစိုး(ခ)မောင်တင်ဝင်းတို့အား ရည်စူး၍ ဦးကြည်လှိုင်မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ဇွန် ၃၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ညီနောင်ထုရဲ့ အမျိုးသားညီလာခံ

* ခိုင်မြဲလက်တို့
မခွဲတစ်သက်
တွဲဆက်စေရန်ပေ။

* ဝေဖန်ပြု ‘ရွှေခေတ်’ မျှော်တွေးလို့
အခြေခံဥပဒေ ဖြစ်ပေါ်ရေး
သြော်....ဆွေးနွေးကာကြံဆနေ။

* ရန်စသလေ နိုင်ငံခြားမီဒီယာတွေက
‘မခိုင်’‘မမှန်’‘အမှား’ အဖျင်းစကား‘လေ’နဲ့
ဒင်းကများ ကျုပ်တို့ကို ဖွတ်ကျားမှတ်ရော့သလား
မကျွတ်တရားနဲ့ ပလီစိကြံဖန်။

* ပကတိအမှန်တကယ်ကြုံလာတော့
နယ်တကာအစုံက
အရွယ်အလွှာ အကုန်ပါဝင်လျက်
အချက်ပိုင်စွာ ပြုထိုက်သမျှအရေးကိုလ
သက်ဆိုင်ရာအစုအဖွဲ့အလိုက် အသေးစိတ်အခြေခံမူများ
အမွေချန် ‘ချစ်သားမြေး၊မြစ်’တို့အတွက်
အရှည်စံရစ် ထားပေးဖြစ်ဖို့
အသစ်သော အကြံဉာဏ်များနှီးနှောလို့
တစ်နည်းပြောရရင်
ပြည်ထောင်စု အကျိုးပွားစည်လာရန်
ရည်ဆောင်ပြု တိုးပွားရည်ကာကြံ
ညီနောင်ထုရဲ့အမျိုးသားညီလာခံ။ ။

မဟာကျော်(မြဝတီ)

မဟာဆေးဝက်ဘာကျောင်းတိုက် (၄၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မဟာဆေးဝက်ဘာကျောင်းတိုက်(၄၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယ ဝါဆိုလပြည့်နေ့ နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက် အောင်ဓမ္မာရုံကြီးအတွင်း၌ ကျင်းပမည်ဖြစ်ရာ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းကပ်လှူပြီး နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဖုန်း ၆၄၀၃၆၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ကျေးလက်ဒေသဖွံ့ဖြိုးမှု၏ မမေ့နိုင်စရာ မှတ်တိုင်တစ်ခု

အောင်စိုးထွန်း

အချိန်ကား ၂၀၀၄ ခုနှစ် မေလ ၈ရက် မွန်းတည့် ၁၂ နာရီတိတိဖြစ်သည်။ နေရာကား မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကော့ကဒွတ်စံပြကျေးရွာရှိ ရွှေဘုံသာဘုရားရင်ပြင်တော်ဖြစ်ပါ၏။

ဘုရားရင်ပြင်တော်တစ်ခုလုံး ရွာသူ၊ ရွာသားများဖြင့် ပြည့်ကျပ်နေသည်။ အသံချဲ့စက်မှ ဓမ္မတေးသံများကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးထားသည်။ နေခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသော်လည်း ရွာသူ၊ ရွာသားများသည် နေ၏အပူရှိန်ကိုမမှု၊ အပြုံးမပျက်၊ စိတ်ဓာတ်တက်ကြွနေကြသည်။ သူတို့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် လာရောက်ကာ ရွှေဘုံသာဘုရားကြီးအား ထီးတော်တင်လှူပေးသည့်အတွက် ဗိုလ်ချုပ်ကြီးအား စောင့်မျှော်နေကြသည်။ လူတိုင်း၊ လူတိုင်း အပြုံးတွေဝေလျက်ရှိ၏။

မကြာမီ ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိလာကြသည်။

ရွာသူ၊ ရွာသားများသည် ဝမ်းပန်းတသာ လက်ခုပ်များတီး၍ ကြိုဆိုနှုတ်ဆက်ကြသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း လက်ဝှေ့ယမ်း၍ လှိုက်လှိုက်လှဲလှဲ ပြန်လည်နှုတ်ဆက်သည်။ ကျေးရွာလူထုအားလုံး ပျော်မဆုံး၊ မော်မဆုံးဖြစ်နေကြသည်။ ထိုလူထုထဲတွင် အကဲပိုနေသူကတော့ မောင်လူလေးဖြစ်သည်။ သူ့ဘဝတစ်သက်တာတွင် ဤကဲ့သို့သော ကြီးကျယ်ဂုဏ်ယူလောက်သည့်အခမ်းအနားမျိုး ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။ စိတ်ကူးယဉ်အိပ်မက်တော့ မက်ခဲ့သည်။ ယခုတော့ သူ့စိတ်ကူးယဉ် အိပ်မက်သည် အမှန်တကယ်ဖြစ်လာခဲ့ပေပြီ။

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ပေးလျက်ရှိရာ မောင်လူလေးတို့၏ ကျေးလက်ဒေသလည်း အပါအဝင်ဖြစ်သည်။ ယခုဆိုလျှင် ရွှေဝါရောင်လမ်းမကြီး အပိုင်း(၁)၊ အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကို ဖောက်လုပ်ဖွင့်လှစ်ပေးလိုက်ရာ သွားလမ်း၊ လာလမ်း ဖြောင့်ဖြူးသွားခဲ့ပြီ။ ထိုလမ်းများကို နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ် ပေးခဲ့ခြင်းဖြစ်သည်။ ယခင်ကဆိုလျှင် ထိုလမ်းများပေါ်တွင် နွားလှည်းသာမောင်းနိုင်ပြီး ချိုင့်ခွက်များ အကြီးအသေး ပြည့်နေခဲ့သည်။ အချို့က ကြက်ဟင်းခါးသီးလမ်းဟူ၍ နှိုင်းယှဉ်ပြီးပြောခဲ့ကြသည်။ ခုတော့ ကွန်ကရစ်လမ်းမကြီးတွေ ဖြစ်လာခဲ့ပြီ။ တံတားအို၊ တံတားပျက်တွေသာရှိခဲ့သည့် တောင်စွန်းနှင့် ကော့ကဒွတ်ကျေးရွာအကြား တံတားအသစ်တစ်စင်း၊ ကော့ကဒွတ်နှင့် ဇုတ်သုတ်ကျေးရွာအကြား တံတားအသစ်တစ်စင်းတို့ကို တည်ဆောက်ပေးခဲ့သည်။

မောင်လူလေးသည် သူတို့ဒေသ တိုးတက်ဖွံ့ဖြိုးလာခြင်းကို တွေးရင်း သူငယ်စဉ် ကလေးဘဝကို ပြန်လည်အမှတ်ရလာသည်။ သူသည် ကော့ကဒွတ်စံပြကျေးရွာဇာတိဖြစ်သည်။ သူ့မိခင်မှာ သူအခါလည်သားအရွယ်တွင် ကွယ်လွန်သွား၍ သူ့ကို သူ၏ကြီးတော် တော်သူက မွေးစားခဲ့ရင်းကြီးပြင်းခဲ့ရသည်။ သူငယ်ငယ်က စာကောင်းကောင်း မသင်ခဲ့ရ။ ကျေးရွာရှိ မူလတန်းကျောင်းမှာလည်း သူဒုတိယတန်းတက်နေစဉ် သောင်းကျန်းသူများ၏ အန္တရာယ်ကြောင့် သင်ပြမည့်ဆရာမများ မရှိတော့ဘဲ ပိတ်ခဲ့ရသည်။ သို့ဖြင့် မောင်လူလေးမှာ အသက်သာ တစ်နေ့တခြား ကြီးလာသည်။ အခြေခံပညာ မသင်နိုင်ဘဲ အချိန်တွေ ကုန်လွန်ခဲ့ရသည်။ သည်ကြားထဲ မောင်လူလေး ရှစ်နှစ်သားအရွယ်တွင် ကြီးတော်၏ခင်ပွန်း ဆုံးသွားသဖြင့် သူနှင့်ကြီးတော်တို့ဘဝကို ခက်ခဲစွာရုန်းကန်ခဲ့ကြရသည်။ မောင်လူလေးသည် ထင်းခွေ၊ ရေခပ်၊ ထမင်းချက်နှင့်ပင် ဆင်းဆင်းရဲရဲ နေထိုင်ခဲ့ရင်း အသက် ဆယ့်ခြောက်နှစ်ကျော်လာခဲ့သည်။

ကံကောင်းလာသည်ဟု ဆိုရမည်လားမသိ။ ရွာမှ ဦးပဉ္ဇင်းတစ်ပါး ရန်ကုန်တွင် ဆယ်တန်းစာမေးပွဲ ဖြေခဲ့ပြီး ရွာသို့ပြန်ကြွလာသည်။ ရွာမှ ကလေးငယ်များကို မူလတန်းပညာ စ၍သင်ပေးခဲ့သည်။ အဲဒီကလေး တွေထဲမှာ မောင်လူလေးလည်းပါသည်။ မောင်လူလေး စာသင်ရမှာမို့ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဉာဏ်ကောင်းသည့် မောင်လူလေးကို ဆရာဦးပဉ္ဇင်းက ရန်ကုန်ပို့ပြီး ပညာသင်ပေးရန် ဆွေမျိုးတွေကို တိုက်တွန်းခဲ့သည်။

ရန်ကုန်ရောက်တော့လည်း စားဝတ်နေရေး မပြေလည်သည်ကတစ်ကြောင်း၊ ရွာတွင် ကြီးတော်တစ်ယောက်တည်း ထားခဲ့ရ၍ဖြစ်ကြောင်း စိတ်မကောင်းဖြစ်ရသည်။ မြို့ကိုရောက်နေသည့် ရပ်ဆွေရပ်မျိုးများ၏ ကူညီမှုကြောင့် အထိုက်အလျောက်ပြေလည်ခဲ့သည်။ မောင်လူလေး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာ သင်တန်းကျောင်းသို့ တက်ရောက်ခဲ့သည်။ သင်တန်းအောင်မြင်ခဲ့ပြီး အလုပ်ရှာခဲ့ရာ အစိုးရရုံးတစ်ရုံးတွင် လက်နှိပ်စက်စာရေးအလုပ်ရခဲ့သည်။ မောင်လူလေး၏ ဘဝတက်လမ်းအတွက် အစပျိုးလိုက်ခြင်းပင်ဖြစ်သည်။ လက်နှိပ်စက်စာရေးဘဝနှင့် အလွတ်ပညာသင် ညကျောင်းတက်ပြီး ကြိုးစားခဲ့ရာ ဆယ်တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။ နောက်တစ်ဆင့် ဆက်ကြိုးပမ်းရာ ဒီလိုနဲ့ပဲ ဘွဲ့ရပြီး ရုံးတစ်ရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အထိ တာဝန်ထမ်းဆောင်နိုင်ခဲ့သည်။ အငြိမ်းစားယူပြီးနောက်ပိုင်း ကုမ္ပဏီဖွင့်ပြီး စီးပွားရေးနယ်ပယ်သို့ ကူးခဲ့သည်။ စီးပွားရေးတွင် အဘက်ဘက်မှ အောင်မြင်လာခဲ့သည်။ သို့ဖြင့် သူမွေးရာဇာတိ ကော့ကဒွတ် စံပြကျေးရွာအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုဆောင်ရွက်ဖို့ အခွင့်အလမ်းသာခဲ့သည်။

ဤသည်မှာ ယခုမှဖြစ်လာသည့် အစီအစဉ်မဟုတ်ပါ။ မောင်လူလေး ရွာမှ ရန်ကုန်သို့ ထွက်မလာမီပင် ရွှေဘုံသာဘုရားကြီးအားဖူးမြော်ပြီး အကြိမ်ကြိမ် ဆုတောင်းခဲ့သည်။ အခုတော့ သူ့ဆုတောင်းပြည့်ခဲ့ပြီ။ ဘုရားကြီးအားနှစ်စဉ် ရွှေသင်္ကန်းကပ်လှူခြင်း၊ ဘုရားတန်ဆောင်များပြုပြင်ခြင်း၊ ပဋ္ဌာန်းတရားပွဲကျင်းပပေးခြင်း၊ သက်ကြီးရွယ်အိုများအား နှစ်စဉ်လှူဖွယ်များဖြင့် ကန်တော့ခြင်း၊ မူလတန်းကျောင်းမှဆရာ၊ ဆရာမများအား ကူညီငွေထောက်ပံ့ခြင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသူ၊ ကျောင်းသားများအား ဆုများချီးမြှင့်ခြင်းများဆောင်ရွက်ခဲ့သည်။ ရွာမှထူးချွန်သော ကျောင်းသားများဆက်တိုက်ပေါ်ထွန်းလာအောင် ရည်ရွယ်ခဲ့သည်။ ယခုကဲ့သို့ ကျေးရွာ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာသည်မှာ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကြောင့်ဖြစ်သည်။ မောင်လူလေးမှာ ရွာသားများနှင့် ထပ်တူထပ်မျှ ကျေနပ်အားရနေမိသည်။

မောင်လူလေးသည် အသံချဲ့စက်မှ အခမ်းအနားအစီအစဉ် ကြေညာသံကြားလိုက်တော့မှ တွေးလက်စစိတ်ကူးကို ရပ်လိုက်ရတော့သည်။

ရှေးဦးစွာ ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ရွှေဘုံသာဆံတော်ရှင် စေတီတော်၏ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ကျိုက်ထီးဆောင်းဆရာတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာမဏ္ဍပ်မှပင့်ဆောင်ကြပြီး စေတီတော်အား လှည့်လည်အပူဇော်ခံကာ စေတီတော်အထွတ်အထိပ်သို့ ပင့်ဆောင်ကြသည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ရွှေဘုံသာဆံတော်ရှင်စေတီတော်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

ကျိုက်ထီးဆောင်းဆရာတော်က မေတ္တာပို့ပတ္ထနာပြု ဆုတောင်းသည်။ ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် စေတီတော်မော်ကွန်းကမ္ပည်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ဘက်မုခ်တွင် ဇန္ဒရသရက်ပင်၊ အနောက်ဘက်မုခ်တွင် အင်ကြင်းပင်တို့ကို စိုက်ပျိုးပေးပြီး ရွှေမိုးငွေမိုးများ ရွာသွန်းပေးခဲ့သည်။

ထီးတော်တင်လှူပွဲ၏ အောင်မြင်မှုအတွက် ကြွရောက်လာကြသော ရဟန်းရှင်လူ၊ ရွာသူ၊ ရွာသားအပေါင်းတို့၏ သာဓုအနုမောဒနာခေါ်သံသည် မဟာပထဝီမြေကြီးမှ အထက်ဘဝဂ်သို့တိုင်အောင် မြည်ဟည်းသွားသကဲ့သို့ ထင်မှတ်လိုက်ရပြီး ပရိသတ်အားလုံး ပီတိလွှမ်းခြုံသွားသည်။ ယင်းနောက် မင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြသည်။

ဆက်လက်၍ ကျိုက်ထီးဆောင်းဆရာတော်နှင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကေလာသတောင်ရိုးတွင် တည်ထားကိုးကွယ်ထားသော ရွှေတိဂုံပုံတူပွားစေတီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူပွားစေတီ၊ ကြက်မင်းတောင်စေတီနှင့် ဗားမဲ့ဆံတော်ရှင် စေတီတို့ အား စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူကြသည်။

ယခုကဲ့သို့ မောင်လူလေးတို့၏ အတိတ်မှ ရွာချင်းဆက်ဒေသတစ်ခုလုံး ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးမှုအပေါ် သာသနာတော်ထွန်းလင်းတောက်ပမှုက လွှမ်းခြုံထားလျက်ရှိရာ မောင်လူလေးအဖို့ တစ်သက်သာ မမေ့နိုင်စရာ မှတ်တိုင်ကြီးတစ်ခုအဖြစ် တသိမ့်သိမ့်ကြည်နူး ချမ်းမြေ့နေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ "အမျိုးသမီးနှင့်ကင်ဆာရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောပွဲ"ကို ဇူလိုင် ၄ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယကကြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီး ဆရာဝန်များအဖွဲ့ နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်၊ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင် အမျိုးသမီးဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါက်တာဒေါ်ချယ်ရီသန်းသန်းတင်က "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း" ကို ဟောပြောပြီး မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဂုဏ်ပြုလက်ဆောင်

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက "အမျိုးသမီးနှင့်ကင်ဆာရောဂါအကြောင်း"ဟောပြောသူ အမျိုးသမီး ဆရာဝန်များအဖွဲ့ အကြံပေးပုဂ္ဂိုလ် ပါမောက္ခဒေါက်တာဒေါ်ချယ်ရီသန်းသန်းတင်အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်ပြီး သက်ကြီးဆရာဝန်များ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းသော Lucky Seven Co., Ltdနှင့်ငွေကျပ်သုံးသိန်းခြောက်သောင်း လှူဒါန်းသော မင်္ဂလာအဆင့်မြင့် ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ "အမျိုးသမီးနှင့် ကင်ဆာရောဂါအကြောင်း ကျန်းမာရေးပညာပေး ဟောပြောပွဲ"တွင် မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များ အဖွဲ့ဦးဆောင်နာယကကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေက သက်ကြီးဆရာဝန်ကြီးများ ရန်ပုံငွေအတွက် ငွေလှူဒါန်းခဲ့သော အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၅

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို အသင်းတိုက်အမှတ်(၆၃)ပထမထပ် ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်၌ ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လပွတ္တာမြို့နယ်၌ ဇူလိုင် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းလိုသူများ အသင်းတိုက် ဖုန်း ၂၂၂၀၈၈ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်မြို့တောင်ပိုင်း စစ်ဆေးရေးစခန်းကို ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက် အီရတ်အစောင့်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် တောင်ဘက်ရှိ အီရတ်စစ်ဆေးရေးစခန်းတစ်ခုအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက စနေနေ့တွင် တိုက်ခိုက်ခဲ့ရာ အီရတ်အစောင့်တပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဇူလိုင် ၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် စစ်ဆင်ရေးများ ပြုလုပ်စဉ် အတောအတွင်း သောကြာနေ့က ရရှိခဲ့သည့် ဒဏ်ရာများကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးလည်း သေဆုံးကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များကိုမူ ပြောကြားခြင်း မရှိပေ။

ထိုအတောအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြို့၌ ကားဗုံးထုတ်လုပ်သည့် နေရာတစ်နေရာကို ရှာဖွေတွေ့ရှိခဲ့ပြီး ဒေသတွင်း၌ လမ်းဘေးဗုံးများထောင်ခဲ့သည်ဟု စွပ်စွဲခံရထားသော အီရတ်ခုခံ တိုက်ခိုက်ရေးအုပ်စုတစ်စုနှင့် ဆက်နွယ်သည်ဟု ယူဆရသော လူ၅၁ ဦးကို ထိန်းသိမ်းထားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အဆိုပါ နေရာမှ စက်သေနတ်အချို့၊ လက်နက် ခဲယမ်းမီးကျောက်များ၊ ဖောက်ခွဲပစ္စည်းများနှင့် အမေရိကန်ဒေါ်လာ ၈၇၅၀နှင့် ညီမျှသည့် အီရတ်နိုင်ငံသုံး ဒိုင်နာငွေများကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် လမ်းဘေးထောင်သည့် ဗုံးများကို နေ့စဉ် နီးပါးဆိုသလို ထိမှန်ခံနေရသည်။ လွန်ခဲ့သည့်လက အီရတ်နိုင်ငံတွင် ကားဗုံးတစ်ဒါဇင်ကျော် ပေါက်ကွဲသဖြင့် လူအများ အပြားသေဆုံးခဲ့ရသည်။

ယခုကဲ့သို့ ရှာဖွေတွေ့ရှိမှုသည် အီရတ်တပ်ဖွဲ့များအား ဆန့်ကျင်သူများအတွက် ထိုးနှက်ချက်ပင်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဂျိမ်းစ်ဟက်တန်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် စနေနေ့က လမ်းဘေးထောင်ထားသည့် ဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီး ယာဉ်နှစ်စီး ပျက်စီးခဲ့ကြောင်း ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အန်ဘာပြည်နယ်တွင် သေဆုံးခဲ့သည့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သည် ယခုလအတွင်း စတုတ္ထမြောက် သေဆုံးခဲ့သည့် မရိန်းတပ်ဖွဲ့ဝင်ဖြစ်သည်။ အဆိုပါပြည်နယ်သည် ဆွန်နီအများစု နေထိုင်ရာဒေသဖြစ်ပြီး အမေရိကန်ဆန့်ကျင်ရေး ခုခံတိုက်ခိုက်မှုများ အပြင်းအထန် ဖြစ်ပွားရာနေရာဖြစ်သည်။

အင်တာနက်။

အီရတ်စုံစမ်း စစ်ဆေးရေးအဖွဲ့အကြီးအကဲ ဗုံးပေါက်ကွဲမှုတွင် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာ အတွက် ရေနံရောင်းချခွင့်ပြုရေး အစီအစဉ် ဆောင်ရွက်ခဲ့ရာတွင် အဂတိလိုက်စားမှုများ ရှိခဲ့ခြင်းအတွက် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့သော အဖွဲ့ကို ဦးဆောင်သူ အီရတ်တာဝန်ရှိသူ တစ်ဦးသည် ယခုရက်သတ္တပတ် အစောပိုင်းက ဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်အတွင်း သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက စနေနေ့တွင် ပြောကြားကြသည်။

ပေါက်ကွဲ

စာရင်းစစ်ချုပ် ဘုတ်အဖွဲ့ အကြီးအကဲဖြစ်သူ အီဆန်ခါရင့်သည် ကြာသပတေးနေ့က ၎င်း၏ မော်တော်ယာဉ်တန်းပါ ကားများအနက် ကားတစ်စီးအောက်တွင် ထောင်ပေးလိုက်သော ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးရုံတွင် သေဆုံးသွားကြောင်း တာဝန်ရှိ သူများက ပြောကြားကြသည်။

ရွေးချယ်

အီရတ်နိုင်ငံတွင် အမေရိကန် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ပေါလ်ဘရီမာသည် စားနပ်ရိက္ခာအတွက် ရေနံရောင်းချရေး အစီအစဉ်နှင့် ပတ်သက်နေသော အဂတိလိုက်စားမှုကို ဖော်ထုတ်နိုင်ရန် စစ်ဆေးရေး အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာတွင် ခါရင့်အား အဖွဲ့၏အကြီးအကဲအဖြစ် ရွေးချယ်ခဲ့သည်။ အဆိုပါအဖွဲ့သည် အာဏာပိုင်များ၏ ချုပ်ကိုင်မှုအောက်မှ သီးခြားကင်းလွတ်စွာရှိနေပြီး ဧပြီလတွင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ဘုတ်အဖွဲ့တွင် နိုင်ငံတကာမှ စာရင်းစစ်များကိုလည်း ရွေးချယ်ခန့်အပ်ပေးခဲ့သည်။

အဆိုပါဘုတ်အဖွဲ့သည် ဆက်ဒမ်ဟူစိန်၏ အစိုးရလက်ထက်က စားနပ်ရိက္ခာအတွက် ရေနံရောင်းချရေး အစီအစဉ်နှင့် သက်ဆိုင်သည့် ကန်ထရိုက်များ ချပေးရာတွင် လာဘ်ငွေများရယူခဲ့မှုကို စုံစမ်းစစ်ဆေးခဲ့သည်။

မစ္စတာခါရင့် လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် အလွန်စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း၊ မစ္စတာခါရင့်အား မည်သူတို့က သတ်ဖြတ်လုပ်ကြံသည်ကို ထင်ကြေးပေးပြောဆိုရန် မဖြစ်နိုင်သေးကြောင်း အီရတ်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အင်တာနက်။

ပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး တရုတ်နှင့် အီရန် တိုးမြှင့်ဆောင်ရွက်မည်

ပေကျင်း ဇူလိုင် ၄

ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အမြင်ချင်းဖလှယ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် တရုတ်နှင့် အီရန်တို့ အပြန်အလှန်လေ့လာသင့်ကြောင်း တရုတ်ဝါရင့် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပေကျင်းမြို့တွင် ကြာသပတေးနေ့က ပြောကြားသည်။

တရုတ်အစိုးရသည် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကာကွယ်စောင့်ရှောက်ရေး၏ အရေးပါမှုကို အလေးထားကြောင်းနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ် ပိုင်ယန်က ပြောကြားသည်။

အီရန်နိုင်ငံ ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးကို တာဝန်ယူဆောင်ရွက်ရသည့် အီရန်ဒုတိယသမ္မတ အက်ကီကာနှင့် တွေ့ဆုံဆွေးနွေးရာတွင် တရုတ်ဒုတိယဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

အက်တီကာ၏ တရုတ်ပြည်အလည်အပတ်ခရီးစဉ် အတောအတွင်း ပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို တရုတ်နှင့် အီရန်နိုင်ငံတို့ လက်မှတ်ရေးထိုးခဲ့ရာ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွင် နှစ်နိုင်ငံ ရှေ့တိုးလှမ်းလာသည့် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်ကတည်းက ကဏ္ဍစုံ၌ ပူးပေါင်း ဆောင်ရွက်မှုတွင် တရုတ်နှင့်အီရန်တို့ တိုးတက်မှုများ ရရှိနေကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးအနီးတွင် အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဆီယံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ဂျပန်နှင့်ပါကစ္စတန် လက်မှတ်ရေးထိုး

ဂျကာတာ ဇူလိုင် ၄

ဂျပန်နှင့် ပါကစ္စတန်တို့သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ၏ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (တီအေစီ)သို့ ဝင်ရောက်ရေးကို ဂျကာတာမြို့တွင် သောကြာနေ့က လက်မှတ်ရေးထိုးကြရာ ဂျပန်နှင့်ပါကစ္စတန်တို့သည် အဆိုပါ သဘောတူညီချက်ကို သဘောတူညီသည့် အာဆီယံဝင်နိုင်ငံများ မဟုတ်သည့် စတုတ္ထနှင့် ပဉ္စမမြောက် နိုင်ငံများ ဖြစ်လာသည်။

ဂျပန်နိုင်ငံခြားရေး ဝန်ကြီး ယူရီကိုကာဝါဂူချီနှင့် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ခါရှိကာဆူရီတို့သည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအားလုံး တက်ရောက်သည့် သီးခြား အခမ်းအနားများတွင် အဆိုပါသဘောတူညီချက်ကို လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်သည်။

ယင်းသဘောတူညီချက်ကို မိမိတို့ သဘောတူညီသည့်အတွက် အားရကျေနပ်ဖြစ်မိကြောင်း၊ ဂျပန်နှင့်အာဆီယံသည် နှစ်ပေါင်း ၃၀ ကြာ အတူတကွ ပူးပေါင်းဆောင်ရွက်သည့် သမိုင်းကြောင်းရှိရာ အာဆီယံနိုင်ငံများနှင့် မိမိတို့ဆက်ဆံရေး တိုးတက်လာမည့် လက္ခဏာပင်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားအပြီးတွင် ယူရီကိုက သတင်းထောက်များအား ပြောကြားသည်။

၁၉၇၆ ခုနှစ်တွင် အာဆီယံက အတည်ပြုချမှတ်ခဲ့သည့် တီအေစီ၏ အဓိက စည်းမျဉ်းမှာ အင်အားသုံးခြိမ်းခြောက်မှုကို ပြစ်တင်ရှုတ်ချရေး၊ အချုပ်အခြာ အာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားရေး၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးနှင့် ပဋိပက္ခများအား ငြိမ်းချမ်းစွာ အဖြေရှာရေးတို့ဖြစ်သည်။

အိမ်နီးချင်း နိုင်ငံအားလုံးနှင့် ဖြစ်ပွားသည့် အငြင်းပွားမှုအားလုံးကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် ပါကစ္စတန်၏ ကတိကဝတ်ပြုမှုကို တီအေစီက ရှင်းလင်းပြတ်သားစွာ ဖော်ညွှန်းထားကြောင်း လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ကာဆူရီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အီရတ်တောင်ပိုင်း ရေနံပိုက်လိုင်း တိုက်ခိုက်ခံရမှုကြောင့် မီးလောင် ရေနံတင်ပို့မှု ထက်ဝက်ကျဆင်း

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံတောင်ပိုင်း ရေနံပိုက်လိုင်းတစ်ခုအား စနေနေ့က တိုက်ခိုက်ခဲ့ရာ မီးလောင်ပျက်စီးခဲ့ပြီး အီရတ်နိုင်ငံ၏ အရေးပါသည့် ရေနံတင်ပို့မှုကို ထက်ဝက်လျော့နည်းကျဆင်းစေခဲ့သည်။ ယင်းမှာ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ထံမှ အချုပ်အခြာအာဏာကို အီရတ်ကြားဖြတ်အစိုးရ လွှဲပြောင်းရယူခဲ့ချိန်နောက်ပိုင်း အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ ပထမဆုံးအကြိမ် အပြင်းအထန် တိုက်ခိုက်ခြင်းဖြစ်သည်။

ဇူလိုင် ၁ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖောက္ခွန်းဆွယ်ရှိ ရေနံပိုက်လိုင်း နှစ်ခုအနက် တစ်ခုမှာ တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်းခဲ့ရကြောင်း ရေနံလုပ်ငန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ယင်းကဲ့သို့ မီးလောင်ကျွမ်းခဲ့သည့်အတွက် ရေနံတင်ပို့မှုမှာ တစ်နေ့လျှင် ပီပါ ၉၆၁၀၀၀ လျော့နည်းကျဆင်းခဲ့ရကြောင်း သင်္ဘောလုပ်ငန်း ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

အသက်သွေးကြော

လွန်ခဲ့သည့်လက အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံပိုက်လိုင်း နှစ်ခုစလုံး တိုက်ခိုက်ခံရသည့်အတွက် ရေနံတင်ပို့မှု လုံးဝပြတ်တောက်ခဲ့ရပြီး နောက်တွင် အီရတ်နိုင်ငံ၏ အဓိက စီးပွားရေး အသက်သွေးကြောဖြစ်သည့် ရေနံတင်ပို့မှုမှာ နေ့စဉ် ပီပါ နှစ်သန်းခန့်အထိ ပြန်လည်မြင့်တက်ခဲ့သည်။

တနင်္လာနေ့က ကျင်းပခဲ့သည့် အချုပ်အခြာအာဏာ တရားဝင် လွှဲပြောင်းပေးအပ်မှု ပျက်ပြားစေရေးအတွက် တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်သည့်အတွက် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အီရတ်တပ်ဖွဲ့ဝင်များကို တပ်လှန့်ထားခဲ့သည်။

စနေနေ့ကလည်း ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့၏ စစ်ဆေးရေးစခန်းအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ရာ အီရတ်ခုနစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်လုံခြုံရေးတပ်ဖွဲ့များကို ပစ်မှတ်ထားကာ မကြာခဏဆိုသလို တိုက်ခိုက်လေ့ရှိသည်။ ***အင်တာနက်။***

အီရတ် အကျဉ်းသားတစ်ဦး ရေနစ်သေဆုံးမှု အမေရိကန်တပ်ဖွဲ့ဝင်လေးဦးကို စွဲချက်တင်

ဝါရှင်တန် ဇူလိုင် ၄

အထက်တန်းဗိုလ်ချုပ်ကြီးတစ်ဦးက အမေရိကန်စစ်ဘက်၏ ဖမ်းဆီးထိန်းသိမ်းသည့် မူဝါဒများအပေါ် ဝေဖန်ပြောကြားနေစဉ် အမေရိကန်စစ်ဘက်က တပ်ဖွဲ့ဝင်လေးဦးအား စွဲချက်အသီးသီးတင်လိုက်သည်။ ၎င်းလေးဦးအနက် တပ်ဖွဲ့ဝင်သုံးဦးအား အီရတ်အကျဉ်းသားတစ်ဦး ရေနစ်သေစေသည့် လူသတ်မှုဖြင့် စွဲချက်တင်ထားကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက သောကြာနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့မှ မိုင် ၆၀ အကွာရှိ ဆမ်မာရာမြို့အနီးတွင် ကင်းလှည့်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များက ညမထွက်ရအမိန့်အား ချိုးဖောက်သည်ဟုဆိုကာ အီရတ်နိုင်ငံသားနှစ်ဦးအား ဇန်နဝါရီ ၃ ရက်က ဖမ်းထားပြီးနောက် တိုက်ဂရစ်မြစ်ကူးတံတားပေါ်မှ ညပိုင်းတွင် တွန်းချခဲ့ကြကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားကြသည်။ အီရတ်တစ်ဦး ရေနစ်သေဆုံးပြီး အခြားတစ်ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ယင်းဖြစ်ရပ်သည် အီရတ်၊ အာဖဂန်နစ္စတန်နှင့် ဂွာတာနာမို အကျဉ်းထောင်မှ အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုပြုသည့် သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။

အသက် (၂၄)နှစ်ရှိ ပထမဗိုလ် ဂျက်ဆာဗီးလ်နှင့် အသက်(၃၃)နှစ်ရှိ တပ်ကြပ်ကြီး ထရေစီပါကင်တို့အား အမှတ်မထင် လူသတ်မှု၊ တိုက်ခိုက်မှု၊ ပူးပေါင်းကြံစည်မှု၊ သတင်းကြေညာချက်အမှားများ ပြုလုပ်မှုနှင့် တရားဥပဒေဟန့်တားမှု စသည့်စွဲချက်များ တင်ထားသည်။ တရားစီရင်ခြင်း ခံခဲ့ရပါက ဆာဗီးလ်အား ထောင်ဒဏ် ၂၆ နှစ်နှင့် ပါကင်အား ထောင်ဒဏ် ၂၆ နှစ်ခွဲစီ ကျခံနိုင်သည်။

အခြားတပ်ဖွဲ့ဝင်နှစ်ဦးအား တနင်္လာနေ့တွင် စွဲချက်တင်ထားသည်။ အသက် ၂၄ နှစ်ရှိ တပ်ကြပ်ကြီး မာတီနက်စ်အား အမှတ်မထင် လူသတ်မှုနှင့် တရားဝင် သတင်းမှားထုတ်ပြန်မှုဖြင့် စွပ်စွဲထားသည်။ တရားစီရင်ခြင်းခံရပါက ၎င်းအနေဖြင့် ထောင်ဒဏ် ၁၅ နှစ် ကျခံနိုင်ဖွယ်ရှိသည်။ အသက် ၂၁ နှစ်ရှိ တယ်ရီဘိုးမန်းအား တိုက်ခိုက်မှု၊ တရားဝင် သတင်းမှားထုတ်ပြန်မှုဖြင့် စွဲချက်တင်ထားသည်။ ဘိုးမန်းသည် ထွက်ပြေးလွတ်မြောက်ခဲ့သည့် အီရတ်နိုင်ငံသားတစ်ဦးအား ရေထဲတွန်းချမှုဖြင့် တရားစီရင်ခြင်း ခံရပါက ထောင်ဒဏ် ငါးနှစ်ခွဲ ကျခံနိုင်ဖွယ်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မူပိုင်ခွင့်ဆိုင်ရာ အမေရိကန် သတိပေးချက် ဘာရာဇီး(လ်)နိုင်ငံ ပယ်ချ

ဘရာဆီးလီးယား (ဘရာဇီးလ်) ဇူလိုင် ၄

ရုပ်ရှင်ဇာတ်ကားများ၊ ကွန်ပျူတာဆော့ဖ်ဝဲများနှင့် တေးသီချင်းများ စသည့်ထုတ်ကုန်ပစ္စည်းများအား မူပိုင်ခွင့် ချိုးဖောက်ကာ ခိုးကူးမှုများ ပြွမ်းတီးနေသော ဘရာဇီး(လ်)နိုင်ငံ၏ ကုန်သွယ်ရေး အကျိုးအမြတ်ရရှိမှုများကို ဖြတ်တောက်ပစ်မည်ဟု အမေရိကန်၏ ခြိမ်းခြောက်ခြင်းသည် လက်ခံနိုင်ဖွယ်ရာ မရှိကြောင်း၊ မူပိုင်ခွင့်ချိုးဖောက်ကာ အတုအပပြုလုပ်ခြင်း လုပ်ငန်းများကို တိုက်ဖျက်နေသည့် မိမိတို့နိုင်ငံ၏ ကြိုးပမ်းချက်များအား ပစ်ပယ်ရာရောက်ကြောင်း ဘရာဇီး(လ်) တရားရေးဝန်ကြီးဌာနနှင့် ပါလီမန်အမတ်များက သောကြာနေ့တွင် ပြောကြားလိုက်ကြသည်။

ဟောလိဝုဒ် ရုပ်ရှင်လောက၏ နောက်ဆုံးပေါ် နာမည်ကြီး ရုပ်ရှင်ဇာတ်ကားများ၊ အမေရိကန်တွင် အရောင်းရအသွက်ဆုံး စီဒီဓာတ်ပြားများနှင့် ဒီဂျစ်တယ် ဗီဒီယိုဓာတ်ပြားများကို မူပိုင်ခွင့်ချိုးဖောက်ကာ ခိုးကူးယူမှုများသည် ဘရာဇီး(လ်)နိုင်ငံတွင် ပြွမ်းတီးနေသည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။

သတိပေး

ဘရာဇီး(လ်)နိုင်ငံသည် မူပိုင်ခိုးယူသည့် လုပ်ငန်းများအား ဖြိုခွင်းခြင်း မရှိပါက အမေရိကန်နိုင်ငံ၏ ဈေးကွက်များအတွင်းသို့ အကောက်ခွန်လွတ်ဝင်ရောက်ခွင့် ရရှိထားသော အခွင့်အရေးများ ဆုံးရှုံးရနိုင်ပြီး ကုန်သွယ်ရေးအရ ငွေဘီလျံပေါင်းများစွာ ထိခိုက်နစ်နာနိုင်ကြောင်း အမေရိကန်က ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားခဲ့သည်။

ရင်ဆိုင်နေရ

ဘရာဇီး(လ်)နိုင်ငံသည် မူပိုင်ခွင့်ချိုးဖောက်သည့် ပြဿနာ ဆိုးဆိုးရွားရွားရင်ဆိုင်နေရသည်ဟုဘရာဇီး(လ်) ပါလီမန်အမတ်များက ဝန်ခံခဲ့ကြသည်။ သို့ရာတွင် မိမိတို့နိုင်ငံသည် မူပိုင်ခွင့်ထိန်းသိမ်းရန်အလို့ငှာ အမေရိကန်နှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ အစိုးရဌာနများနှင့်လည်းကောင်း များစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟု အမတ်များက ပြောကြားကြပြီး အမေရိကန်၏ ခြိမ်းခြောက်မှုကို ဒေါသထွက်နေကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇူလိုင် ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်မြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး တွေ့ဆုံဆွေးနွေး

စင်ကာပူ ဇူလိုင် ၄

စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်သည် ၎င်း၏ နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး နက်ဝါဆင်းနှင့် စနေနေ့က တွေ့ဆုံကာ နှစ်နိုင်ငံ အပြန်အလှန် ဆက်ဆံရေးမြှင့်တင်ရန်ကိစ္စနှင့် ဒေသဆိုင်ရာ အခြေအနေတို့နှင့် ပတ်သက်၍ ဆွေးနွေးသည်။

သဘောတူညီ

စင်ကာပူနှင့် အိန္ဒိယ နှစ်နိုင်ငံတို့၏ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ပြုလုပ်ရေး သဘောတူညီချက်တစ်ရပ်ကို မြန်နိုင်သမျှ အမြန်ဆုံး ပေါ်ထွန်းလာစေရေး ကြိုးပမ်းရန် နှစ်ဖက်သဘောတူညီကြကြောင်း ဆွေးနွေးပွဲအပြီး စင်ကာပူဝန်ကြီးချုပ်ရုံးက ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမြင်ချင်းဖလှယ်

ဂိုချောက်တောင်နှင့် နက်ဝါဆင်းတို့သည် ဒေသဆိုင်ရာ အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ အာရှနိုင်ငံများအတွင်း စီးပွားရေးပေါင်းစည်းမှု လုပ်ငန်းစဉ် အကောင်အထည်ဖော်ရေးနှင့် အီရတ်နိုင်ငံ အခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အရေးပါ

အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ အခန်းကဏ္ဍမှာ အရေးပါကြောင်း စင်ကာပူဝန်ကြီးချုပ်က ပြောကြားသည်။

ပိုမိုပူးပေါင်းမည်

မကြာသေးမီနှစ်များအတွင်း စီးပွားရေးဖွံ့ဖြိုးမှုနှုန်း မြင့်မားလာသော တရုတ်ပြည်နှင့်သာမက အိန္ဒိယနိုင်ငံနှင့်ပါ စီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်များ၌ ပိုမိုပူးပေါင်းသွားမည်ဖြစ်ကြောင်း ဂိုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာအမျိုးသမီးများနေ့တွင် မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးကဏ္ဍအား မည်မျှအလေးထားသည်ကို ဖော်ညွှန်းပြခြင်းဖြစ်

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ရက်က မန္တလေးမြို့ရှိ ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး (မန္တလေး)ဖွင့်ပွဲအခမ်းအနားတွင် ဆေးရုံသစ်ကြီး၏ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဗဟို အမျိုးသမီးဆေးရုံသစ်ကြီး (မန္တလေး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ကြီး၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံသစ်ကြီးဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းအစီအစဉ်များကို ဆေးရုံသစ်ကြီးခန်းမ၌ ဆက်လက် ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့ဇူလိုင်လ ၃ရက် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပသည့်နေ့တွင် မြန်မာနိုင်ငံ၏ အထက်ပိုင်း မန္တလေးမြို့တွင် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးကဏ္ဍအား မည်မျှအလေးထားသည်ကို ဖော်ညွှန်းပြသခြင်းပင်ဖြစ်ကြောင်း။

ထူထောင်ပေးခြင်း

ယခုဖွင့်လှစ်သည့် ဆေးရုံကြီးသည် မန္တလေးဆေးရုံကြီး၏အတွင်းတွင် ဌာနတစ်ခု အနေဖြင့်သာ တည်ရှိခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ ဗဟိုချက်မ ဖြစ်သည်နှင့်အညီ အထက်မြန်မာနိုင်ငံ မန္တလေးမြို့ကို ရန်ကုန်မြို့တော်ကဲ့သို့ စီးပွားရေးအဆောက်အအုံများ၊ လူမှုရေးအဆောက်အအုံများ တန်းတူညီတူဖြစ်အောင် တဖြည်းဖြည်း ဆောင်ရွက်ရမည်ဆိုသည့် လမ်းညွှန်မှုများအပေါ် မူတည်ပြီး ယခုကဲ့သို့ မန္တလေးမြို့ကြီးတွင် မြို့တော်ကြီး၏အင်္ဂါရပ်နှင့် ညီညွတ်စေရန် လူမှုရေး၊ စီးပွားရေးကဏ္ဍများနှင့် သက်ဆိုင်သည့် အခြေခံအဆောက်အအုံများကို တစ်ခုပြီးတစ်ခု ထူထောင်ပေးနေခြင်း ဖြစ်ကြောင်း။

ထင်ထင်ရှားရှား

ယခုဖွင့်လှစ်သည့် ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီးသည် လူမှုရေးဆိုင်ရာ အဆောက်အအုံဖြစ်ကြောင်း၊ အထက်မြန်မာနိုင်ငံ မန္တလေးမြို့တော်ကြီးသည် ကဏ္ဍစုံ တဖြည်းဖြည်းကျယ်ပြန့်လာသည့်အလျောက် လူဦးရေအနေအထားအရ လူနေမှုပတ်ဝန်းကျင် ပိုမိုထူထပ်ကျယ်ပြန့်လာသည့်အတွက် သီးခြား ဗဟို အမျိုးသမီးဆေးရုံကြီးတစ်ရုံရှိရန် လိုအပ်လာမှုကြောင့် ယခုကဲ့သို့ ဗဟိုအမျိုးသမီး ဆေးရုံကြီးကို သီးခြားတည်ဆောက်ပြီး ယနေ့ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးမှုကိုကြည့်ခြင်းအားဖြင့် နိုင်ငံတော်က ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုကို မည်မျှအလေးထားသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ အစွန်အဖျား နယ်စပ်ဒေသများတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍကို အလေးပေးပြီးဆောင်ရွက်ပေးခဲ့သည့်နည်းတူ လမ်းပန်းဆက်သွယ်ရေးအပြင် အခြားသောလိုအပ်သည့်အခြေခံအဆောက်အအုံများကို ဆက်လက်တည်ဆောက်ပေးခဲ့ကြောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများသည် အတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီးမြောက်ခဲ့ပြီးနောက် အတွင်းပိုင်းရှိ အခြားကွက်လပ်ကျန်နေသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဒေသကြီး ၂၄ခု ထူထောင်ပြီးနောက် ပညာရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့်ကဏ္ဍများကို အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းမှာ မိမိတို့တွင် ငွေအင်အားပြည့်စုံချမ်းသာ၍မဟုတ်ကြောင်း၊ မိမိတို့ငွေအင်အားအပေါ်မူတည်ပြီး ခြိုးခြံချွေတာစွာဖြင့် ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍများတွင် ဦးစားပေး ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် ခြိုးခြံချွေတာပြီး စုဆောင်းထားသည့် ငွေအင်အားငွေကြေးနှင့် ယခုကဲ့သို့ ဆေးရုံများ၊ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကို ထူထောင်ပေးခဲ့သည့်နည်းတူ လိုအပ်သည့် ပစ္စည်းကိရိယာများကိုလည်း ပြည့်စုံစွာဖြည့်တင်းပေးခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာ

ထို့ကြောင့် ယနေ့ ဖွင့်လှစ်ခဲ့သည့် ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီးတစ်ခု သီးသီးသန့်သန့် ခံ့ညားထည်ဝါစွာ ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ နိုင်ငံတော်အစိုးရ၏ သဘောထားနှင့် စေတနာကို ပြည်သူများနားလည်သဘောပေါက်ကြရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းသည် အမျိုးသမီးများနှင့် မိခင်များ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် နောင်အနာဂတ် နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်ထွန်းလာမည့် မွေးကင်းစ ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေရန် ရည်ရွယ်လျက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ ရှေ့အနာဂတ် ကောင်းမွန်စေရန်၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအနေဖြင့် ထာဝရရပ်တည်နိုင်ရေးအတွက် ရေရှည်ကိုမျှော်မှန်းပြီး နိုင်ငံတော်ကို တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရက ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ နိုင်ငံတော်၏ ရေရှည်အနာဂတ် ခိုင်မြဲရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်ဖြစ်ထွန်းလာအောင် စနစ်တကျ ဆောင်ရွက်ပေးနေခြင်းကို ပြည်သူအများ နားလည်သဘောပေါက်ရန်လိုအပ်ကြောင်း။

အဖျက်အမှောင့်

ယခုအခါ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပလျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အမျိုးမျိုးဖြင့် အနှောင့်အယှက် အဟန့်အတားများ ပြုလုပ်လျက် ရှိနေကြကြောင်း၊ မည်သို့ပင်ရှိနေစေကာမူ မိမိတို့၏ အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ခံယူချက်ဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တိုင်းရင်းသားပြည်သူများ၊ အစွန်အဖျားနယ်စပ်ဒေသရှိ တိုင်းရင်းသားများ အပါအဝင် တစ်နိုင်ငံလုံး ပြည်သူများက နားလည်သဘောပေါက်ပြီး ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းပြောကြားသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး (မန္တလေး) တည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ မန္တလေးမြို့ ဗဟိုအမျိုးသမီး ဆေးရုံသစ်ကြီး (မန္တလေး)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

တိုးတက်သစ်လွင်မြန်ပြည်တစ်ခွင်

နယ်စပ်ဒေသလမ်းပြုပြင်

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းများအသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိုင်းငေါ့–မိုးမိတ်လမ်းအပိုင်းကို စက်ယန္တရားဖြင့် ပြုပြင်နေစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

နယ်စပ်ဒေသနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်လမ်းကျောက်ချောခင်း

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ကန်သစ်–အောင်ချမ်းသာကျေးလက်လမ်းကို ၁၇–၆–၂၀၀၄နေ့က ကျောက်ချောခင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

(ဓာတ်ပုံ–နယ်စပ်/စည်ပင်)

ကွင်းဆင်းဆောင်ရွက်

လှည်းကူးမြို့နယ် မယ်ဇလီကုန်းကျေးရွာအဝင်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို လှည်းကူး မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။

(ဓာတ်ပုံ–မြို့နယ်/စည်ပင်)

လုံးတော်ပေါက်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က အလေးပေးဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မအီ–ကျောက်ဖြူလမ်းပေါ်ရှိ လုံးတော်ပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ–ဆောက်လုပ်ရေး)

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိ အဖွဲ့ဝင်များနှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

❒ **အမျိုးသားညီလာခံမှ**

ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများဖြစ်ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်

ဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ် အဖွဲ့၊ ရှမ်းပြည်အမျိုးသားတပ်မတော်၊ ရခိုင်ပြည်နယ် ဦးစောထွန်းဦး ဦးစီး

အဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး

အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြား တင်ပြကြသည်။

ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၅၀တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံ

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် သမဝါယမဝန်ကြီးဌာန အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်း ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ညီလာခံ ကိုယ်စားလှယ် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ဧရာဝတီတိုင်းတို့မှတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊

နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်း

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) နဂါးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ်ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူး

အဖွဲ့၊ ဟိုမိန်းဒေသသက်သာချောင်ချိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကျင်းပရာပြည်ထောင်စု ခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစု



များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ ဦးသိန်းဦးဘိုးစောနှင့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ဦးအောင်ကြည်က ဆောင်ရွက်သည်။

အထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၆၉ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၂၅ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီ

ကိုယ်စားလှယ် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်က ဆက်လက်ဖတ်ကြား တင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင် ၆ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အမျိုးသား ညီလာခံ စုံညီအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာ ခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကိုယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြား တင်ပြကြသည်။

ရှေးဦးစွာ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းပါ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတို့ကို ညီလာခံကိုယ်စားလှယ် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက စတင်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၉နာရီ မိနစ် ၅၀တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို နံနက် ၁၀နာရီ မိနစ် ၂၀တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းပါ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ကို ညီလာခံ

ကိုယ်စားလှယ် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါ်ရီရီမြင့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၄ခုနှစ် ဇူလိုင် ၆ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊

ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတော် ပြင်သစ်နိုင်ငံ ပါရီမြို့၌ တည်ဆောက်ရန် လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၅

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတော် တည်ဆောက်နိုင်ရန် ပြင်သစ်သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိထံမှ ဩဝါဒခံယူပွဲကို ဇူလိုင် ၄ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော်၌ကျင်းပရာ ပြင်သစ်သာသနာပြု ဆရာတော်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ ပထမဦးဆုံး ပေါ်ပေါက်လာမည့် ဗုဒ္ဓဘာသာ သာသနာပြုကျောင်းတော်ကြီး ဆောက်လုပ်ရန် အလှူငွေ ဒေါ်လာတစ်သိန်း ရှစ်သောင်းကျော် ရရှိနေပြီဖြစ်ကြောင်း၊ ထပ်မံ၍ လိုအပ်လျက်ရှိသည့် အလှူငွေများ ရရှိရန် မြန်မာနိုင်ငံမှ စေတနာရှင် ပြည်သူများအနေဖြင့် ကုသိုလ်ပြု လှူဒါန်းကြရန်ဖြစ်ကြောင်း ရှင်းလင်းမြွက်ကြားသည်။

ထို့နောက် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ထေရဝါဒ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတော် တည်ဆောက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ဦးမောင်မောင်မြင့်နှင့် ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်သိန်း (စိန်များဆေးပေါ့လိပ်) ပဲခူးမြို့တို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာအောင်ချို-ဒေါ်သီတာဦးမိသားစု(စမ်းချောင်း)က ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဒေါ်ကြည်ကြည်ဟန်မိသားစုနှင့် ဦးအေးထွန်း အုပ်ချုပ်မှုဒါရိုက်တာ(အောင်သိန်းသန်းကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သိန်းစီ၊ ကျန်အလှူရှင် လေးဦးတို့က ငွေကျပ်တစ်သောင်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ကျောင်းတော်ကြီး တည်ဆောက်နိုင်ရေးအတွက် အလှူငွေများလှူဒါန်းလိုပါက စီးပွား/ကူးသန်းဂျာနယ်၊ အိမ်ရှင်မဂျာနယ်၊ အလင်းတန်းဂျာနယ်၊ အကျိုးဆောင်ဂျာနယ်နှင့် ပန်းသတင်းဂျာနယ်တို့နှင့် ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သဒ္ဒါမေးကွက်အတွဲ(၁) ကျမ်းစာအုပ်များလှူဒါန်း

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများ ကျမ်းပြု အရှင်စန္ဒဇောတိ (ပါဠိပါရဂူ ပိဋကတ်တစ်ပုံဆောင်) အရှင်မြတ် ရေးသားပြုစုသော သဒ္ဒါမေးကွက်(၁) ကျမ်းစာအုပ်များကို ဇူလိုင် ၃ ရက်က တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်နှင့် ပျဉ်းမနားမြို့ပေါ်ရှိ စာသင်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက် ပဓာနနာယက ဆရာတော်များကိုယ်စား တပ်ကုန်း ဦးဓမ္မသာမိက လက်ခံရယူသည်။ (က-ပ)

၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၁ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၁၇)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ (၂၀၀၄)ကို ၂၀၀၄ ခုနှစ် ဩဂုတ် ၁၆ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဩဂုတ် ၁၆ရက်မှ ၁၈ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၁၉ရက်တွင် (Bargain and Auction) စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ဝယ်ယူလိုသူများသည် ဩဂုတ် ၁၃ရက်မှ စတင်၍ မှတ်ပုံတင်ကြေး နိုင်ငံသားငွေကျပ် ၄၀၀၀၊ နိုင်ငံခြားသား အမေရိကန်ဒေါ်လာ ၂၀နှင့်အတူမှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ပုဂ္ဂလိကကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဇူလိုင် ၂၀ရက်မှ ၃၀ရက်အတွင်း လာရောက်အပ်နှံနိုင်ပြီး ရောင်းချရန် တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် သုည ဒသမ ၄ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရောင်းချရပါက ရောင်းရငွေပေါ်တွင် ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ/နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ်မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်) အမှတ်(၂၄/၂၆) (ယခင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၃၇၁၀၅၃၊ ၃၇၀၅၆၁နှင့် မြန်မာအင်ပီရီရယ်(လ်)ဂျိတ် အမှတ် (၂၄/၂၆) (ယခင်မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၂၇နှင့် ၃၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ဓမ္မဗျူဟာဓမ္မစကြာ ကျင့်စဉ်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၅

ဗဟန်းမြို့နယ် အမှတ် (၆) ကြားတောရလမ်း၌ ဓမ္မဗျူဟာ သာသနာ မာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏ သင်တန်းမှူးဖြစ်သူ ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (သဒ္ဓမ္မဇောတိကဓဇ)သည် ဓမ္မစက္ကပဝတ္တနသုတ္တန် (ဓမ္မစကြာသုတ်တော်)ကို အဓိပ္ပာယ်နှင့်တကွ စနစ်တကျ သိနားလည်၍ ရွတ်ဖတ်ပူဇော် လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်လျက် ဓမ္မဒါနအဖြစ် ပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် ဇူလိုင် ၁၂ရက် ညနေ ၅နာရီမှ စ၍ ဇူလိုင် ၂၁ရက်အထိ တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အင်းစိန် အနောက်ကြို့ကုန်းရှိ သစ်တောဦးစီးဌာနရုံးချုပ် တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က မိတ်ဆက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်ဌေးမြင့်က အမှာစကားပြောကြားရာ၌ "အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ပြောကြားသည်။ **(အောက်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုခန်းမ၌ အဖွဲ့အလိုက် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အလားတူ အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များသည်လည်း မွန်းလွဲ ၂နာရီတွင် ပြည်ထောင်စုခန်းမ၌ ပြည်နယ်နှင့်တိုင်းအလိုက် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံနှင့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) လူမှုထူးချွန်ဆု (ပထမဆင့်)**(ဝဲပုံ)**သည် အမျိုးသားညီလာခံနှင့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) ခုတင် ၅၀၀ဆံ့ တပ်မတော်ဆေးရုံကြီးတွင် ဇူလိုင် ၂ရက်က (၉၈)ကြိမ်မြောက် သွေးလှူဒါန်းသည်။ (က-ပ)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ စီးပွားရေးအဖွဲ့ ကွန်ပျူတာဇာတာဖတ်နည်း၊ ဟောနည်းသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း အမျိုးသမီးရေးရာ စီးပွားရေးအဖွဲ့နှင့် မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကွန်ပျူတာဇာတာ ဖတ်နည်း၊ ဟောနည်း၊ ဟောစာတမ်းရေးနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး ပလာဇာ အဆောင်(င)၊ အမှတ် (5-G)၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချယ်ရီရဲခေါင်နှင့် အလုပ်အမှုဆောင်အဖွဲ့များ၊ ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံ နက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့တို့က ငွေကျပ်ခြောက်သောင်းပေးအပ် လှူဒါန်းရာ စီးပွားရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ခင်မြင့်ဝေက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ခင်လှဲ့ဝင်းထံ ပေးအပ်သည်။

သင်တန်းသို့ သင်တန်းသူ ၃၀ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းကို မြန်မာအမျိုးသမီးငယ်များ အရင်းအနှီးနည်းနည်းဖြင့် ကွန်ပျူတာ ဇာတာဖတ်နည်း၊ ဟောနည်း၊ ဟောစာတမ်းရေးနည်း သင်တန်းပညာရပ်ကို သင်ကြားတတ်မြောက်ပြီးအသက်မွေးဝမ်းကြောင်းပြုနိုင်ရန် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က မြန်မာနိုင်ငံ နက္ခတ်ဗေဒင် ပညာရှင်များအဖွဲ့နှင့် ပူးပေါင်း၍ လစဉ်ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
- ၅:၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၈။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း"(အပိုင်း-၄)**
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၇:၂၀ ၁၂။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၇:၃၅ ၁၃။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၇:၄၅ ၁၄။ လှပစုံလင်အင်းလျားကန်တစ်ခွင်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၂)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ ရက်က မန္တလေးတိုင်း မတ္တရာမြို့ရှိ ဘုရင့်နောင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

➪ ဖွံ့ဖြိုးရေးအထူးဒေသမှ

သောက်သုံးရေရရှိရေး လုပ်ငန်းများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် စလွန်ဖြူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မတ္တရာမြို့နယ်၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့မိမိအနေဖြင့် ရန်ကုန်မြို့တော်ကြီးတွင် တန်ခိုးကြီးမားသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ရေးအတွက် အဓိကဖြစ်သည့် စကျင်ကျောက်တော်ကြီး ရရှိခဲ့သည့် မတ္တရာမြို့နယ်စကျင်တောင်ကို အမြဲအမှတ်ရနေကြောင်း။

မိမိတို့ရောက်ရှိချိန်အတွင်း မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများနှင့် ပတ်သက်ပြီးတင်ပြချက် အားလုံးကိုဒေသ၏လိုအပ်ချက်ဖြစ်၍ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသနေကျောင်းသားလူငယ်များ ပညာရည်မြင့်မားလာပြီး နိုင်ငံတော်အတွက် အားထားရသည့် ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ်ဖြင့် ဒေသအကျိုးနှင့် နိုင်ငံတော်အကျိုးစီးပွား ဖြစ်ထွန်းအောင် ထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ကြောင်း။

လူနေမှုဘဝမြင့်မား

ထို့ပြင် ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်မားတိုးတက်လာရေးအတွက် ကျေးလက်ဒေသအချို့တို့တွင်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အပြင် မတ္တရာမြို့နယ်၏ ဆေးရုံကိုလည်း မြို့နယ်အဆင့်မီ ဆေးရုံဖြစ်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဒေသနေပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအဆင့် မြှင့်တင်ပေးနိုင်ခဲ့ခြင်းဖြင့် ကျေးလက်နေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်မှာဖြစ်ကြောင်း၊ ပြည်သူများကျန်းမာကြံ့ခိုင်သည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်လာနိုင်တော့မည်ဖြစ်သဖြင့် ဒေသနေပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုနှင့်အတူ လူနေမှုဘဝပါ ပိုမိုမြင့်မားလာတော့မည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ဒေသနေပြည်သူများ စီးပွားရေးမြင့်မားပြီး လူနေမှုဘဝမြင့်မားလာသည်နှင့်အညီ မြို့နယ်အနေဖြင့်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် နယ်စပ်ဒေသများ၊ ကျေးလက်ဒေသများအပါအဝင် နိုင်ငံတော်အတွင်းမှာပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ အလွန်အားနည်းခဲ့ရကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလရောက်မှ ပထမပိုင်းမှာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသတိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲကာ ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ပေးမှုကြောင့် ယခုအခါ အစွန်အဖျား ကျေးလက်ဒေသများမှာ များစွာဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ အချို့သော နယ်စပ်ဒေသများအနေဖြင့်လည်း နိုင်ငံတော်၏ အတွင်းပိုင်းဒေသများကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်သည်ကိုလည်း တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်အတွင်းရှိ ဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဟန်ချက်ညီညီ

ထိုကဲ့သို့ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ နိုင်ငံတော်အတွင်းပိုင်းရှိ ဒေသများတွင်လည်း ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ကာ ဖိဖိစီးစီး ဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် ချမှတ်ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ နိုင်ငံတော်အတွင်း ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

ထိုကဲ့သို့နိုင်ငံတော်၏ ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်၏ခနေအင်အားကြွယ်ဝချမ်းသာနေ၍ မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ပြီး စီးပွားရေးစီမံကိန်းများ အောင်မြင်လာသည်နှင့်အညီ ရရှိလာသည့်အကျိုးစီးပွားများကို နိုင်ငံတော်အတွင်းရှိ ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ခြိုးခြံချွေတာပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ယခုထက်ပိုမိုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံတော်အတွင်းရှိ ပြည်သူများလူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မား တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် နိုင်ငံတော်၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုမတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ တင်ပြချက်အရ မတ္တရာမြို့နယ်အနေဖြင့် စိုက်ပျိုးရေးအပြင် ဒေသစီးပွားရေးအတွက် အခြားစီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် သဘာဝအခြေအနေများပေးသည့် မြို့နယ်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မတ္တရာမြို့နယ်သည် ဒေသဝမ်းစာ ဖူလုံပြီး စားသုံးဆီနှင့် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုမှာလည်း များစွာအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်လည်း ပြည်သူများ၏ အကျိုးစီးပွားအတွက် သော်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဗဟိုအမျိုးသမီးဆေးရုံသစ်ကြီး(မန္တလေး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

မြို့တော်ဆေးရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်မြင့်မြို့တော်ဆေးရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဆေးရုံတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခုတင် ၃၀၀သင်ကြားရေး ဆေးရုံ(မန္တလေး)သို့ ရောက်ရှိကြရာ ခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အရိုးအထူးကုဆေးရုံကြီးတည်ဆောက်မည့်နေရာကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှင်းလင်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ ရက်က မတ္တရာမြို့ စလွန်ဖြူအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

မြို့နယ်အတွင်း နေထိုင်ကြသူများ၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာနေခြင်းဖြစ်သည်ကို တွေ့မြင်နေကြရကြောင်း။

တက်ညီလက်ညီ

မတ္တရာမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသူများအနေဖြင့် ယခုကဲ့သို့တိုးတက်ဖြစ်ပေါ်မှုများအပေါ် ကျေနပ်နှစ်သိမ့်မနေကြဘဲ နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ပြည်သူများဘက်ကလည်း ယခုထက်ပိုမို တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ပြည်သူများအနေဖြင့် ပြည်ထောင်စုကြီး အကျိုးစီးပွားအတွက် သော်လည်းကောင်း၊ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဇူလိုင် ၃ ရက်က မန္တလေးမြို့ရှိ ICT Park တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

တင်ပြချက်များအပေါ် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားပြီး တည်ဆောက်ဆဲ အဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကာ လူနာဆောင်ရှိ လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၃ရက်က မန္တလေးမြို့ရှိ မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်၌ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေး ICT Park

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး ICT Park သို့ ရောက်ရှိကြပြီး IT ဆိုင်ရာ ကုမ္ပဏီများ၏ ကွန်ပျူတာ သင်တန်းခန်းမများ၊ IT ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ ပြခန်းများနှင့် အရောင်းခန်းမများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က IT လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေး တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အဝင်မုခ်ဦးရှေ့၌ A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက တက္ကသိုလ်တည်ဆောက်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းဆေးတက္ကသိုလ်ကို မြန်မာမှုသရုပ် ပီပြင်စေမည့် ဆောင်ရွက်မှုများဖြင့် အဆင့်မြင့် တည်ဆောက်ရေး တာဝန်ရှိသူများအား မှာကြားသည်။ (သတင်းစဉ်)

အထူးအထွက်ကောင်း ရွှေရင်အေး နှစ်ပါးရိတ်သိမ်း ငွေတောင်စိုက်ကွင်း၌ တစ်ဧက ၁၆၂ဒသမ ၅၀တင်း ထွက်ရှိ

ရန်ကုန် ဇူလိုင် ၅

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ရွှေရင်အေး နှစ်ပါးရိတ်သိမ်းပွဲကို ဇူလိုင် ၂ရက် မွန်းလွဲ ၁နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ငွေတောင်စိုက်ကွင်း၌ ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းနှင့် အဖွဲ့ဝင်များ၊ လွိုင်ကော်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးခင်မောင်လတ်က ရွှေရင်အေး စပါး စိုက်ပျိုးခဲ့မှု၊ ယခုနှစ် မိုးရာသီတွင် ရွှေရင်အေး စပါး ကျယ်ပြန့်စွာ စိုက်ပျိုးရေးနှင့် ရွှေရင်အေး စပါးအထွက်နှုန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ငွေတောင်စိုက်ကွင်းတာဝန်ခံ ဦးဌေးရိုန်က စိုက်ကွင်းအတွင်း ရွှေရင်အေး စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်နှင့် အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်မှုအခြေအနေများကိုလည်းကောင်း၊ ဒီမောဆိုမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးဌေးနိုင်က ရွှေရင်အေးစပါးအပါအဝင် မျိုးစေ့အရည်အသွေး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ခေါင်နှံများ မျိုးပွားနည်းစနစ်များ၊ ခေါင်နှံ ရယူစိုက်ပျိုးမှု နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး လက်တွေ့ပြသထားရှိသည့် ခေါင်နှံများ ရွေးချယ်မှု၊ ရွှေရင်အေး ဧကကွက် ရိတ်သိမ်းခြွေလှေ့မှုများကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

ငွေတောင်စိုက်ကွင်း၏ ရွှေရင်အေး နှစ်ပါး တစ်ဧကအကွက် ရိတ်သိမ်းခြွေလှေ့ရာတွင် ၁၆၂ဒသမ ၅၀တင်း ထွက်ရှိကြောင်း သိရသည်။

ရွှေရင်အေးစပါးသည် ဧည့်မထအုပ်စုဝင် သက်လတ်စပါးဖြစ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ဒေသကြိုက်ဆန်အမျိုးအစားဖြစ်ခြင်း၊ စားသုံးမှု ကောင်းမွန်ခြင်းနှင့် မျိုးအဖြစ် ဆက်လက်အသုံးပြုနိုင်ခြင်းတို့ကြောင့် တောင်သူများအားလုံး စိတ်ဝင်စားလျက်ရှိသည်။ (သတင်းစဉ်)

ငွေတောင်စိုက်ကွင်းမှထွက်ရှိသော ရွှေရင်အေး နှစ်ပါးများကို စက်ဖြင့် ခြွေလှေ့မှုကို ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တောင်သူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် ငွေတောင်စိုက်ကွင်း၌ ရွှေရင်အေး နှစ်ပါးရိတ်သိမ်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၀** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - A Day's Klait ပထမနှစ် (အင်္ဂလိပ်စာအထူးပြု)
- **၅:၃၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၂။ မိုးလေဝသသတင်း
- **၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်" (အပိုင်း-၃)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ "ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင် စာတတ်ဖို့ စနစ်တကျသင်"**
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၃၄)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကြံခင်းမြို့နယ် အသင်း(ရန်ကုန်) နှစ်ပတ်လည် စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၅

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို The Princess စားသောက်ဆိုင် ဝါးတန်းဆိပ်ကမ်း ရန်ကုန်မြို့၌ ဇူလိုင် ၁၀ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅ နှင့် ဒေါ်ကြင်ရီ ဖုန်း-၂၂၆၆၃၇တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ဖျော်ဖြေ တင်ဆက်

အမျိုးသားညီလာခံကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက အမျိုးသားညီလာခံ ဂုဏ်ပြုတေးများ၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ အပန်းဖြေရေး မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇူလိုင် ၅

အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို ညစဉ် ၇နာရီမှစတင်၍ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များက အမျိုးသား ညီလာခံဂုဏ်ပြုတေးများ၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုနားသောတဆင်

အဆိုပါ ဖျော်ဖြေတင်ဆက်ပွဲသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

အစီအစဉ်အရ ဂီတစာဆို တက္ကသိုလ်မြတ်သူ ရေးစပ်သီကုံးသည့် အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သော“လရောင်ဆမ်းမှ လန်းသောပန်း” သီချင်းဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့အသံအဖွဲ့သူများက စုပေါင်းသီဆိုဂုဏ်ပြုကြသည်။

ထို့နောက် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ဖြင့်တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော ရင်ဂိုက “ပန်းကလေးတစ်ပွင့်”တေးသီချင်းဖြင့်လည်းကောင်း၊ တေးသံရှင်များဖြစ်ကြသော ခင်မောင်တိုး၊ ရင်ဂိုနှင့် ထွန်းအိန္ဒြာဗိုတို့က အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ရွှေညီလာခံမှသည်” တေးသီချင်းဖြင့် လည်းကောင်း၊ တေးသံရှင် စိုးစန္ဒာထွန်းက အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ”တေးသီချင်းဖြင့် လည်းကောင်း၊ တေးသံရှင် အယ်လ်ခွန်းရီက အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် “ရွှေညီလာခံ” တေးသီချင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီညွှန့်ဝင်းက “ပန်းတွေနဲ့ဝေ” သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

အလားတူပင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များကလည်း သီဆိုဖျော်ဖြေမှု အစီအစဉ်အဖြစ် ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ပါဝင်သီဆို ဖျော်ဖြေတင်ဆက်ကြရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်သည့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များအား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းငါးသောင်းကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ)ဒေါ်တင်တင်မြက လက်ခံသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် “ရွှေညီလာသဘင်မှသည်”တေးကို ရေးစပ်သီကုံးသော မြက်ခင်းသစ် သုခမလွင်ပြင်အဖွဲ့၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ရွှေညီလာသဘင်မှသည်” တေးကို သီဆိုဖျော်ဖြေကြသည့် တေးသံရှင် ခင်မောင်တိုး၊ ရင်ဂိုနှင့် ထွန်းအိန္ဒြာဗို၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့်“ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ” သီချင်းအား ရေးစပ်သီကုံးသော ဒေါက်တာမြတ်မြတ်အုံးခင်၊ အဆိုပါ ဂုဏ်ပြုတေးကို သီဆိုသည့် တေးသံရှင် စိုးစန္ဒာထွန်းနှင့် ညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ညီလာခံကို တေးနဲ့ကြို”သီချင်းအား ကိုယ်တိုင်ရေးစပ်သီကုံးပြီး သီဆိုသော အကော်ဒီယံအုန်းကျော်တို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးဝင်းအောင်က ညီလာခံဂုဏ်ပြုတေးဖြစ်သော “လရောင်ဆမ်းမှ လန်းသောပန်း” သီချင်းအား သီဆိုဖျော်ဖြေကြသည့် တေးသံရှင်များဖြစ်ကြသော ကေတုဝင်းထွဋ်နှင့် သန်းမြတ်စိုးတို့အား လည်းကောင်း၊ သီတာမိုးနှင့် ရဲရင့်ဝေလွင်တို့အဖွဲ့အား လည်းကောင်း ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးအောင်သန်းဦးက ညီလာခံဂုဏ်ပြုတေးဖြစ်သည့် “လရောင်ဆမ်းမှ လန်းသောပန်း” သီချင်းအားရေးစပ်သီကုံးသည့် ဂီတစာဆို တက္ကသိုလ်မြတ်သူ နှင့် သီဆိုဖျော်ဖြေသော တေးသံရှင် ဆုန်သင်းပါရ်တို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးညိုမင်းက ညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် “ကိုယ်စားလှယ်စုံညီ အပြုံးဝေစီ” သီချင်းအားသီဆိုဖျော်ဖြေသူ မေဘရဏီခိုင်၊ ရဲရင့်ဝေလွင်နှင့် သီတာမိုးတို့အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသား ညီလာခံ ကိုယ်စားလှယ် ဦးဝင်းမြင့်က အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် “ရွှေညီလာခံ”သီချင်းအား ရေးစပ်သီကုံးသော ဂီတစာဆို ဟသ်ာတမြင့်ငွေနှင့် သီဆိုဖျော်ဖြေသော တေးသံရှင် အယ်လ်ခွန်းရီတို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးဌေးမြင့်က အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် “ရွှေပြည်သစ်ခရီး” သီချင်းအား ရေးစပ်သီကုံးသော ဝေမှိုင်းညိုနှင့် သီဆိုဖျော်ဖြေသူ တေးသံရှင် ခင်မောင်တိုးတို့အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် “မေ(၁၇)ရက် မြတ်မွန်”သီချင်းအား ရေးစပ်သီကုံးသူ ဗလမင်းထင်နှင့် သီဆိုဖျော်ဖြေသူ တေးသံရှင်အဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အမျိုးသား ညီလာခံဂုဏ်ပြုတေးဖြစ်သည့် “တိုးပွားပြည်သာရန် အမျိုးသားညီလာခံ” သီချင်းအား ရေးစပ်သီကုံးသော စိန်မင်းသားနှင့် သီဆိုဖျော်ဖြေသူအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ညီလာခံဂုဏ်ပြုတေးဖြစ်သည့် “လရောင်ဆမ်းမှ လန်းသောပန်း” သီချင်းဖြင့် သီဆိုဖျော်ဖြေသူ တေးသံရှင် ဆုန်သင်းပါရ်အား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းကိုလည်းကောင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဂန္ထဝင်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော ခင်မောင်တိုးက ရွှေပြည်သစ်ခရီး၊ ဆုန်သင်းပါရ်က လရောင်ဆမ်းမှ လန်းသောပန်း၊ ကေတုဝင်းထွဋ်က ဘရဏီ၊ သန်းမြတ်စိုးနှင့် တက္ကသိုလ်လဲ့လဲ့တို့က နှစ်ကိုယ်တူချစ်သမျှ သီချင်းတို့ဖြင့် လည်းကောင်း အသီးသီးသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အကောင်းဆုံးဆု

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှုအစီအစဉ်တွင် အကောင်းဆုံး သီဆိုသွားနိုင်သူများဖြစ်ကြသည့် မေ့အချစ်မြားသီချင်းဖြင့် ပထမဆုရ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ အမျိုးသား ညီလာခံကိုယ်စားလှယ် ဦးဟန်မောင်၊ ယောကျ်ားမှာလဲအသည်းနှင့်ပါ သီချင်းဖြင့် ဒုတိယဆုရ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသောင်းမြင့်နှင့် ပိတောက်လမ်းသီချင်းဖြင့် တတိယဆုရ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးခင်မောင်ကြည်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်တွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့က အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်တွင် နှစ်သိမ့်ဆုရရှိကြသူ အမျိုးသားညီလာခံကိုယ်စားလှယ် ၁၀ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အမျိုးသား ညီလာခံကိုယ်စားလှယ်များ၏ သီဆိုဖျော်ဖြေမှု အစီအစဉ်တွင် အကဲဖြတ်အမှတ်ပေးကြသည့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကို ဒိုင်လူကြီးများကိုယ်စား စန္ဒရားဦးချစ်ဆွေအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးညိုမင်းက တီးခတ်ဖျော်ဖြေပေးကြသည့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဦးစီးအရာရှိ (ဂီတ) ဦးမောင်မောင်အား လည်းကောင်း၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဒေါက်တာခင်ရွှေက အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သိလ္လာစိုး၊ သဥ္ဇာဝင်းနှင့် မြတ်ဆုမွန်တို့အား ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်တစ်သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဂုဏ်ပြုဆုများ ချီးမြှင့်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ သီဆိုဖျော်ဖြေကြသည့်အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက အမျိုးသားညီလာခံ ဂုဏ်ပြုတေးများ၊ ဂန္ထဝင်တေးများ၊ ခေတ်ပေါ်တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မင်းလှမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

ပဲခူးတိုင်း မင်းလှမြို့နယ်အသင်း(ရန်ကုန်မြို့)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၄ရက်(စနေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် ဗဟိုလမ်းတွင်တည်ရှိသော ဓေယျဝတီစာသင်တိုက်ကြီးရှိ ကျောင်းတိုက်ကြီး ၁၇တိုက်မှ ပဓာန နာယကဆရာတော်ကြီး ၁၇ပါးအား ဝါဆိုသင်္ကန်းကပ်လှူပြီး ဆွမ်းပဒေသာပင်စိုက်ထူမည်ဖြစ်ရာ ရန်ကုန်ရောက် မင်းလှမြို့နယ်သူ၊ မြို့နယ်သားများသည် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးတင်အောင် ဖုန်း-၂၅၆၉၀၈(ရုံး) ၅၂၆၇၃၅(အိမ်)၊ ဦးသန်းစိုး ဖုန်း-၃၇၆၆၈၅(ရုံး)၊ ၅၃၄၇၃၆(အိမ်)နှင့် ဦးမြင့်ဆွေ ဖုန်း-၂၅၆၀၃၇(အိမ်) တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်သည်။ (က-ပ)

အေသင်အိုလံပစ်အကြို ဂရိအောင်ပွဲဆင် အဓိကနိုင်ငံတကာပွဲ ပထမဆုံးဖိုလ်ခွဲ

ရန်ကုန် ဇူလိုင် ၅

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ လူ့ဇ်အားကစားကွင်းတွင် ယနေ့နံနက် ၁ နာရီ ၁၅မိနစ်က ကျင်းပရာ ဂရိအသင်းက အိမ်ရှင်ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အဓိက နိုင်ငံတကာပြိုင်ပွဲ ချန်ပီယံဆုကို ပထမဆုံးအကြိမ်ဆွတ်ခူးရရှိသွားသည်။ အဆိုပါဖိုလ်လုပွဲသို့ ဂရိနိုင်ငံ ဝန်ကြီးချုပ် ကာရာမန်လစ် တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

ပထမပိုင်းတွင် ဂိုးမရှိသရေကျနေပြီး ဒုတိယပိုင်း ၁၂ မိနစ်၌ ဂရိတိုက်စစ်မှူး အန်ဂျီလော့စ်ဟာရစ္စတီယာ့စ်က ထောင့်ကန်ဘောမှတစ်ဆင့် အနီးကပ်ခေါင်းတိုက်သွင်းယူလိုက်၍ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရဖိုလ်စွဲသွားသည်။ ချန်ပီယံဆု လက်လွတ်ခဲ့ရသော အိမ်ရှင်ပေါ်တူဂီဘောလုံးသမားတို့ ပွဲအပြီး မျက်ရည်မဆည်နိုင်ဖြစ်ခဲ့ရသည်။

ထိုက်ထိုက်တန်တန်

ဂရိအသင်းသည် ပေါ်တူဂီနှင့်အတူ အုပ်စု(က)တွင်ပါဝင်ခဲ့ပြီး ယူရို-၂၀၀၄ ကွင်းဖွင့်ပွဲအဖြစ် ယင်းနှစ်သင်း တို့စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂရိက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုယူရို-၂၀၀၄ ကွင်းပိတ်ဖိုလ်လုပွဲ၌လည်း အဆိုပါနှစ်သင်းပင်ပြန်လည်ဆုံတွေ့ခဲ့ကြပြန်ရာ အိမ်ရှင်တို့ရှုံးကြွေးပြန်မဆပ်နိုင်ဘဲ ဂရိကပင် တစ်ဂိုး-ဂိုးမရှိဖြင့် ထိုက်ထိုက်တန်တန် အနိုင်ရဖိုလ်စွဲသွားခဲ့သည်။

ဂရိအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့် အေသင်အိုလံပစ်အားကစားပြိုင်ပွဲအကြိုအဖြစ် ဥရောပဖလားကြီးကို ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။

ဖိုလ်လုပွဲမတိုင်မီကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပေါ်တူဂီ လက်ရွေးစင်အလယ်တန်းလူ အီတလီစီးရီးအေမှ အေစီမီလန်တွင် ကစားနေသူ ရူအီကော့စတာက ဖိုလ်လုပွဲအပြီးတွင် အမျိုးသားလက်ရွေးစင်အဖြစ်မှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ရူအီကော့စတာ(၃၁)နှစ်သည် အမျိုးသားလက်ရွေးစင်အဖြစ် ၉၃ ပွဲကစားခဲ့ပြီး စုစုပေါင်း ၂၆ ဂိုးသွင်းခဲ့သည်။

(ကြေးမုံ)

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲတွင် ဖိုလ်စွဲပြီး ဥရောပချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသော ဂရိအသင်း ပွဲအပြီးတွင် အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယူရို-၂၀၀၄ ဘောလုံးပြိုင်ပွဲ ဖိုလ်လုပွဲဒုတိယပိုင်း ၁၂မိနစ်တွင် ဂရိတိုက်စစ်မှူး အန်ဂျီလော့စ်ဟာရစ္စတီယာ့စ်က ထောင့်ကန်ဘောမှတစ်ဆင့် အနီးကပ်ခေါင်းတိုက်သွင်းယူစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလားကွာတားဖိုင်နယ် ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းတို့အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၅

၂၀၀၄-၂၀၀၅ ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်းတို့တွင် ကျင်းပရာ ဘဏ္ဍာ/အခွန်နှင့် စီးပွား/ကူးသန်းအသင်းတို့ အနိုင်ရပြီး အကြိုဖိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက ကမ္ဘောဇအသင်းကို ခြောက်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း ခြောက်ဂိုး။
[ထွန်းထွန်းဝင်း(ပိုင်နယ်တီ)နှစ်ဂိုး၊ ရန်ပိုင်၊ မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်းနှင့် အောင်ဟိန်းလတ်-တစ်ဂိုးစီ။]

ကမ္ဘောဇအသင်း ဂိုးမရှိ။
ဒိုင်လူကြီး ဦးလှသန်းမောင်။

အဆင့်မြင့်တန်း၏ ဝါရင့်အသင်းကြီးတစ်သင်းဖြစ်သော လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက အုပ်စုပွဲတွင် တဖြည်းဖြည်းခြေစွမ်းပြပြီး အုပ်စုဒုတိယဖြင့်တက်လာသည့် အဆင့်မြင့်တန်း မျက်နှာသစ် ကမ္ဘောဇအသင်းကို ခြေအသာ၊ ဂိုးအသာဖြင့်အနိုင်ရရှိကာ အကြိုဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ကမ္ဘောဇအသင်းမှာ အသင်းကြီး ဘဏ္ဍာ/အခွန်ကို ပညာ၊ သမ္မာအရ မယှဉ်ပြိုင်နိုင်သော်လည်း ကြိုးစားကစားသွားခဲ့သည်။

ပွဲအစကတည်းက ဘဏ္ဍာ/အခွန်အသင်းက ပိုဖိကစားသွားနိုင်ပြီး ကမ္ဘောဇအသင်းမှာ ရံဖန်ရံခါမှသာ ထိုးဖောက် ကစားနိုင်သော်လည်း တိုက်စစ်တွင် နားလည်မှုလွဲနေ၍ ထင်သလောက်တိုက်စစ်မဆင်နိုင်ခဲ့ပေ။

ဘဏ္ဍာ/အခွန်၏ တိုက်စစ်ဆင်မှုကို ကမ္ဘောဇနောက်တန်းက မလွတ်တန်း ဖျက်ထုတ်ကစားနေ၍ ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်က တစ်ဂိုးဖြင့်သာအနိုင်ရရှိနေသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် အဖွင့်ဂိုးကို ၂၆မိနစ်တွင် ရန်ပိုင်က သွင်းယူခဲ့သည်။

ကစားအားမြင့်တင်

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်က ကစားအားမြှင့်တင်၍ ဂိုးထပ်မံရရှိရေး ကြိုးစားလာသည်။ ဘဏ္ဍာ/အခွန်အသင်းသည် ဒုတိယပိုင်းတွင် ပွဲကို အချိန်တော်တော်များများ စိုးမိုးကစားသွားနိုင်ပြီး ဂိုးများထပ်မံသွင်းယူသွားသည်။ လေးမိနစ်မှာပင် ရန်ပိုင်ပေးသောဘောလုံးကို မျိုးလှိုင်ဝင်းက ပညာသားပါပါသွင်း ယူလိုက်၍ ဘဏ္ဍာ/အခွန်အသင်း ဒုတိယဂိုး ရရှိသွားသည်။ ဆက်တိုက်ဆိုသလိုပင် ဘဏ္ဍာ/အခွန်က ဖိကစားရာ၁၅မိနစ်တွင် မျိုးလှိုင်ဝင်း၏ ထိုးဖောက်မှုကို ပိုင်နယ်တီဧရိယာအတွင်း၌ နောက်ခံလူဟန်ဝင်းအောင်က ခပ်ကြမ်းကြမ်း ဖျက်ထုတ်လိုက်၍ ဘဏ္ဍာ/အခွန်ပိုင်နယ်တီကန်ခွင့်ရသွားသည်။ ဟန်ဝင်းအောင်မှာ ယင်းသို့ ခပ်ကြမ်းကြမ်း ဖျက်ထုတ်လိုက်၍ ဒုတိယအဝါထိကာ နှစ်ဝါ၊တစ်နီဖြင့် ထွက်ခဲ့ရသည်။ အဆိုပါပိုင်နယ်တီကို ထွန်းထွန်းဝင်းက ကန်သွင်း၍ ဘဏ္ဍာ/အခွန် တတိယဂိုးရရှိသွားသည်။

ကမ္ဘောဇအသင်းမှာ ၁၀ဦးတည်းဖြစ်သွား၍ ဘဏ္ဍာ/အခွန်တိုက်စစ်ကို ဟန့်တားနိုင်ရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ဂိုးများဆက်ပေးလိုက်ရသည်။ ၂၆မိနစ်တွင် ထွန်းထွန်းဝင်းပေးသော ဘောလုံးမှတစ်ဆင့် စိုးမြတ်မင်းက စတုတ္ထဂိုး၊ ၃၉မိနစ်တွင် အောင်ဟိန်းလတ်က ပဉ္စမဂိုး၊ ပွဲပြီးရန်တစ်မိနစ်အလိုတွင် ထွန်းထွန်းဝင်းက ပိုင်နယ်တီမှတစ်ဆင့် ဆဋ္ဌမနှင့် ပွဲသိမ်းဂိုးတို့ကို သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်က ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်းတွင် ကျင်းပသောပွဲ၌ စီးပွား/ကူးသန်းအသင်းက မြို့တော်စည်ပင် အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ အကြိုဖိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စီးပွား/ကူးသန်းအသင်း နှစ်ဂိုး။
(မျိုးမင်းထွန်းနှင့်မာလ)
မြို့တော်စည်ပင်အသင်း တစ်ဂိုး။
(အောင်ထွေးမောင်)

ယမန်နှစ်ကွင်းဖွင့်ပြိုင်ပွဲတွင် တွေ့ဆုံစဉ်က စည်ပင်က စီးပွား/ကူးသန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သော်လည်း ယခုနှစ်တွေ့ဆုံရာတွင် စီးပွား/ကူးသန်းက ယခင်ရှုံးခဲ့သော ရှုံးကြွေးပြန်ဆပ်ကာ အကြိုဖိုလ်လုပွဲသို့ တက်ရောက်ခွင့်ရသွားပြီဖြစ်သည်။ စည်ပင်အသင်းမှာ ယမန်နှစ်ကလည်း ကွာတားအဆင့်ဖြင့်သာ ကျနပ်ခဲ့ရသလို ယခုနှစ်တွင်လည်း ကွာတားအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ဇူလိုင် ၇ရက်တွင် (သုဝဏ္ဏ)ကွင်း၌ ပထမအကြိုဖိုလ်လုပွဲအဖြစ် စီးပွား/ကူးသန်း အသင်းနှင့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
စွမ်းအင်နှင့်လယ်ယာ/ထွက်ကုန်။

(အောင်ဆန်းကွင်း)
ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး။

(ကြေးမုံ)

ကာကွယ်

ဘဏ္ဍာ/အခွန်တိုက်စစ်မှူး မျိုးလှိုင်ဝင်း၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို ကမ္ဘောဇအသင်း ဂိုးသမား ယဉ်မင်းအောင် ပုတ်ထုတ် ကာကွယ်ရန်ကြိုးပမ်းစဉ်။ (ကြေးမုံ)

ပဲခူးရိုးမ စိမ်းလန်းရေး မိုးရာသီသစ်ပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၅

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈နာရီတွင် လက်ပံတန်းမြို့နယ် စီတုံးကျေးရွာအနီး ညောင်ပင်ဇင်းကြိုးဝိုင်းအကွက် အမှတ်(၅၆)အနီး၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ ၂၀၀ခန့်တို့သည် သစ်တောဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့်အတူ မဲဇလီပင် ၆၀၀၀ကို စုပေါင်း စိုက်ပျိုးကြသည်။ (သတင်းစဉ်)

ပခုက္ကူဦးအုံးဖေစာပေဆု ပါဝင်ယှဉ်ပြိုင်နိုင်

ရန်ကုန် ဇူလိုင် ၅

ပခုက္ကူမြို့မှ စေတနာရှင် ဦးအုံးဖေက နိုင်ငံတော်သို့ လှူအပ်လှူဒါန်းထားသော စာပေရန်ပုံငွေ၏ အတိုးအညွန့်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ကာ ၁၉၉၃ ခုနှစ်မှစတင်ပြီး စာမူပြိုင်ပွဲများကိုခေါ်ယူ၍ နှစ်စဉ်ဆုများ ရွေးချယ်ချီးမြှင့်လျက်ရှိရာ ၂၀၀၄ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် စာမူများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်နိုးဆော်ထားသည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ပခုက္ကူဦးအုံးဖေ စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ပြိုင်ပွဲဝင်စာမူ အမျိုးအစားငါးမျိုး၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

စာမူပြိုင်ပွဲ နောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃၀ရက်ဖြစ်ပြီး ဆုရစာမူများကို ယခုနှစ်ကုန်တွင် ကြေညာ၍ နှစ်ဆန်းတွင် ဆုပေးပွဲကို ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူဦးအုံးဖေစာမူဆု ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ စာတည်းမှူးချုပ်၊ ရန်ကုန်မြို့ အမှတ်(၅၂၉)ကုန်သည်လမ်း၊ စာပေဗိမာန်တွင် ဝယ်ယူနိုင်ပြီး နယ်မှ စာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ် ၄၀ပေးပို့၍ အထက်ပါ လိပ်စာအတိုင်း မှာကြားနိုင်သည်။ (သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ်ဖလား စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ်ဖလား (UMFCCI)ဒုတိယအကြိမ်စားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၁၀ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်း၊ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသမီးနှစ်ယောက်တွဲနှင့်အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင် လိုသူများသည် ပြိုင်ပွဲအမျိုးအစားကို ဖော်ပြ၍ ပြိုင်ပွဲဝင်ပုံစံကို ဖြည့်စွက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် (၅၀၄/၅၀၆) ကုန်သည်လမ်း ကျောက်တံတားမြို့နယ်သို့ ပေးပို့ရမည်ဖြစ်သည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၅

ဦးကိုလေး(နဒီပန်ဒါအီလက်ထရောနစ်)သည် ကစားဖော်များဖြစ်ကြသော ဦးလူဇော်၊ ဦးထင်ဝင်းထွန်း၊ ဦးစိန်သန်း၊ ဦးဇော်ဝင်း၊ ဦးကျော်သူရတို့နှင့်အတူ ဇူလိုင် ၄ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ဆယ်မိုင်ကုန်း ဟံသာဝတီဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားရာ Precept ဂေါက်သီးဘောလုံးကို Tour Edge Iron(7) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

ထူးပေစွ၊ မြတ်ပေစွ၊ ထာဝရ 'ပန်း'ဒါန

⌘ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေး
လုပ်ငန်းကော်မတီက ဦးဆောင်လျက်"ထာဝရ ဒါန"
"အရိပ်အလှူ ပန်းအလှူ"ပွဲတော်ကြီး ဆင်နွှဲနေပါပြီ။

⌘ "မနာပ ဒါယီ လဘတေ မနာပံ"
မြတ်နိုးဖွယ် ဝတ္ထုပစ္စည်းကို ပေးလှူသူသည်
မြတ်နိုးဖွယ်ဝတ္ထုပစ္စည်းကို ရရှိနိုင်သည်။
(ဒေသနာတော်)

⌘ အာရာမရောပ ဒါန = ပန်းပင်သစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း
ဝန ရောပ ဒါန = အရိပ်ကောင်းသောသစ်ပင်စိုက်ပျိုး၍ လှူဒါန်းခြင်း...တို့သည်
ဥပဿယ ဒါန = ဇရပ် တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်
ဆောက်လုပ်လှူဒါန်းခြင်း...နှင့်
ထပ်တူထပ်မျှ ကုသိုလ်ရကြောင်း
ဒါနဋီကာ ကျမ်းမဟာတို့တွင် ညွှန်းဆိုပြဖွင့် ကမ္ပည်းဆင့်ခဲ့ပါသည်။

⌘ "သစ်တစ်ပင်ကောင်း ပန်းတစ်သောင်း"

ရွှေတိဂုံစေတီတော်မြတ်၏ သိင်္ဂုတ္တရဥယျာဉ်တော်ကြီးအတွင်း
ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာ မဟာဝန်းကျင်တွင်
ဘက်စုံထောင့်စုံ အာရုံညွှတ်ဖူး ကြည်နူးချမ်းမြေ့စေရေးအတွက်
"အရိပ်ရပင်များ""ပန်းအလှပင်များ"စိုက်ပျိုးရန် လိုအပ်လျက်ရှိပါသည်။

⌘ ဤနေရာမြတ်တွင်...
ပန်းတစ်ပင်စိုက်ပျိုးခြင်းသည် ရူပဒါန(အဆင်းအလှူ)
ဂန္ဓဒါန(နံ့သာအလှူ)တို့ကို တစ်ပြိုင်နက်ပြုပြီးဖြစ်ရုံသာမက
အပင်က ပန်းပွင့်လေတိုင်း...
ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကိုယ်တိုင် ကိုယ်ကြပ် ပန်းကပ်ဆက်လှူ
ဒါနယူနေသကဲ့သို့ ထပ်တူဝေဖြိုး ကုသိုလ်တိုးနေပါတော့မည်။
စေတနာမိုး ရွာသွန်းဖြိုးစဉ်
ဒါနအပင်ကို ရှင်အောင်မြဲအောင် စိုက်ပျိုးရှက်ဆောင်ကြပါစို့။

⌘ သစ်ပင်စိုက်ရာသီအမီ ဒါနပြုနိုင်သော အပင်များကို
သဒ္ဓါအားနှင့် ချိန်ဆရွေးချယ်လှူဒါန်းနိုင်ပါသည်။

		လိုအပ်သောအရေအတွက်	တစ်ပင်နှုန်း
အရိပ်ရပင် –	ဆီအုန်း	၃၂	ကျပ် ၅၀၀၀၀
	ကြိမ်ထန်း	၁၇၉	ကျပ် ၅၀၀၀
	အုန်းငှက်ပျော	၁၆၁၅၀၀၀	
ပန်းအလှပင် –	ဗုဒ္ဓသရဏ	၂၃၅၆၈၀	ကျပ် ၅၀
(Ground	ရွက်လှ	၆၁၇၈	ကျပ် ၁၅၀
Cover)	ပိန်း	၁၃၉၄	ကျပ် ၂၀၀၀–၁၀၀၀၀
	ရွှေဝါ	၃၄၉၇	ကျပ် ၁၂၀၀
	ကြက်တူရွေး	၅၈၈၇၅	ကျပ် ၂၀၀
	ခေါင်ရန်း	၁၂၆၅၅	ကျပ် ၁၅၀
	ပုဏ္ဏရိက်ကြီး	၂၅၉၁၉	ကျပ် ၅၀၀
	စံပယ်	၁၁၉၄၀	ကျပ် ၂၅၀
	ကြိမ်စပ်	၈၀၀	ကျပ် ၇၀၀
	ဒန့်ဒကူး	၁၃၇၁	ကျပ် ၅၀၀
	နဂါးစက်ဂမုန်း	၈၅၀	ကျပ် ၂၀၀
	ပျိုမနိုင်	၄၂၀	ကျပ် ၂၀၀
	ဗုဒ္ဓသရဏ(အရွက်နီ)	၂၈၀၀	ကျပ် ၂၅၀
	ချင်းနီ	၂၆၇၀	ကျပ် ၂၅၀
	ကိုင်းမြက်	၂၈၀၀၀	ကျပ် ၂၀၀
	ကိုယ်ရုံလေး	၁၅၈၆၀	ကျပ် ၁၅၀
	စလူ	၂၀၉၅	ကျပ် ၅၀၀
	ယိုးဒယားပိစပ်	၈၆၈၉၅၀	ကျပ် ၅၀
	ချင်းကြား	၁၂၀၀	ကျပ် ၂၀၀
	ဝါးမြက်	၈၉၉၉၅	ကျပ် ၂၀၀
	ပိတ်စွယ်	၉၀၀၀၀	ကျပ် ၂၀၀

လှူဒါန်းရန်နေရာ – ရွှေတိဂုံစေတီတော်၊ မြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး၊ အလှူခံဌာန

လှူဒါန်းရန်ကာလ – ယနေ့မှစ၍ ဩဂုတ်လကုန်အထိ

ဆက်သွယ်စုံစမ်းရန် – ရွှေတိဂုံစေတီတော်၊ ဂေါပကအဖွဲ့ရုံး (ဖုန်း–၂၅၁၈၅၁၊၂၄၀၀၀၄)

ရွှေတိဂုံစေတီတော်ထာဝရဘက်စုံ
ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ

(၁၆)နှစ်မြောက်မင်္ဂလာဆုတောင်း

၆–၇–၂၀၀၄ရက်တွင် ကျရောက်သော ချစ်အစ်ကိုကြီး **ကိုကျော်ကျော်စိုး** (MD, SEC Co.,Ltd.)နှင့် ချစ်အစ်မကြီး **မနွယ်နွယ်မင်း(မမီး)**တို့၏ (၁၆)နှစ်ပြည့် မင်္ဂလာရက်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်မောင်နှမများ၊ ချစ်တူ၊ တူမများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ သိုက်ဝန်းအေးမြသော မိသားစု ဖြစ်ပါစေလို့ ဆုတောင်းလျက်–

နှစ်ဖက်သောမိဘများနှင့် ချစ်ညီအစ်ကိုမောင်နှမများ

– ကိုမင်းဦး (2nd Officer, GSM Shipping Management Pte., Ltd. Korea)–မတင်တင်မြင့်
– ကိုမင်းအောင် (Chief Officer, MTM Shipping Management Pte., Ltd. S'Pore)–သီဂီအေးအေးကျော်
– ကိုဇော်မင်း
– တင်မေဝင်း(B.Sc, Chem;)
– ကျော်စိုးဝင်း(2nd Officer, Eastwind Shipping Management Pte., Ltd. S'Pore)
– သော်တာဝင်း(Dip- in Computer Engg, S'Pore)
– အောင်ကျော်ဝင်း(Final part II)

ချစ်တူ၊ တူမများ
ပုံ့၊ ထက်၊ သဲ၊ ဟိန်း

(၁၆)နှစ်မြောက်မင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ **ဦးကျော်ကျော်စိုး**(MD, SEC Co.,Ltd.)နှင့် ချစ်မေမေ **ဒေါ်နွယ်နွယ်မင်း(မမီး)**တို့၏ ၆–၇–၂၀၀၄ရက်တွင် ကျရောက်သော ပျော်ရွှင်ချမ်းမြေ့ဖွယ် (၁၆)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် သက်ဆုံးတိုင်အောင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ သိုက်ဝန်းချမ်းမြေ့သောမိသားစု ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သမီး – အိမွန်စိုး VIII C (ရန်ကင်း T.T.C)
ချစ်သား – ပြေစိုး VII B (ရန်ကင်း T.T.C)

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင်မှတ်ပုံတင်ထားသော T&Y Enterprise၏စီစဉ်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities, PSAဆိပ်ကမ်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသားများ) အလိုရှိပါသည်။

(က) ကွန်တိန်နာယာဉ်မောင်း – ၁၀၀ ဦး
အသက် – ၂၀ မှ ၄၀ နှစ်
ပညာအရည်အချင်း – ၈ တန်းအောင်
အခြားလိုအပ်ချက် – "င"အဆင့် ယာဉ်မောင်းလိုင်စင်ရှိထားပြီး ဖြစ်ရမည်
အခြေခံလစာ – တစ်လ S$ ၅၅၀
ဝန်ဆောင်ခ – $ ၂၂၀၀ နှင့်ညီမျှသောမြန်မာကျပ်ငွေ

(ခ) စက်ပြင်(Machanics) – ၃၀ ဦး
လျှပ်စစ်ကျွမ်းကျင် – ၃၀ ဦး
အသက် – ၂၀မှ၃၅နှစ်
ပညာအရည်အချင်း – အေဂျီတီအိုင်(စက်မှုလျှပ်စစ်စွမ်းအား)
အခြားလိုအပ်ချက် – လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိပြီးဖြစ်ရမည်
အခြေခံလစာ – တစ်လ S$ ၈၀၀
ဝန်ဆောင်ခ – S$ ၂၈၀၀နှင့်ညီမျှသောမြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်း အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနရုံးများတွင် (၁၂–၇–၂၀၀၄)ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။



အမည်ပြောင်းခြင်း

ဦးစိန်လွင်၏ သမီး TTC ဒသမတန်း(C)မှ မအိဖြူလွင် [၉/မထလ (နိုင်) ၂၃၈၉၁၂] အား မဖွေးသန့်ခင်ဟု ခေါ်ပါရန်။

ဖွေးသန့်ခင်။

အမည်ဖြည့်စွက်ခြင်း

အလုံမြို့နယ် အမှတ်(၂၂) သိပ္ပံလမ်း ဆင်မင်းရပ်ကွက်နေ ဦးဘိုကြီး၏သမီး မခင်မာရီ [၁၂/အလန (နိုင်)၀၂၆၂၀၈]အား မခင်မာရီ(ခ) မခင်မာအေးဟု အမည်ဖြည့်စွက်ပြောင်းလဲခေါ်ပါရန်။



ဇွန် ၁၈ရက်က အမှတ်(၁၂၂) ၂၇လမ်း ပန်းဘဲတန်းမြို့နယ်နေ ဦးလှဖေ–ဒေါ်ခင်ခင်မိသားစုက ဦးလှဖေ၏ (၇၅)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေးငွေပဒေသာပင်တို့အတွက် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံဌာနခွဲမှူး(စီမံ) ဦးသိန်းမောင် လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် မြို့တော်တစ်ခွင် သန့်ရှင်းရေးဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်းသို့ ရောက်ရှိသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် လမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဝင်းအတွင်း၌ အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

သာယာလှပရေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မအူကုန်းလမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ ဗညားဒလလမ်းတစ်လျှောက် ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သာကေတမြို့နယ် မြင်တော်သာလမ်း၌ စက်ယန္တရားဖြင့် ရေနုတ်မြောင်း တူးဖော်နေမှု၊ ယမုံနာလမ်း ရေနုတ်မြောင်းဆယ်ယူနေမှုနှင့် ရွှခင်းသာလမ်းဘေး ဝဲ၊ ယာ၌ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေမှုများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် မေတ္တာလမ်းတစ်လျှောက် ရေနုတ်မြောင်း ဆယ်ယူခြင်းနှင့် ၎င်းလမ်းရှိ အမျိုးသမီးနှင့် ကလေးဆေးရုံဝင်းအတွင်း အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ် အစပ်ကမာရွတ်ချောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နုန်းများ ဆယ်ယူနေမှု၊ မြကန်သာ (၂)လမ်း လမ်းဘေး ဝဲ၊ ယာ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းနေမှု၊ ပြည်လမ်းမကြီးဘေး ဝဲ၊ ယာ အင်းလျားကန်ရှေ့၌ ရေနုတ်မြောင်းများ ဆယ်ယူနေမှုနှင့် အင်းလျားကန်ပေါင် အမြင့်တင်တယ်စေရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများဖြစ်သည့် မြေယာရှုခင်းအလှများ ဆောင်ရွက်ပြီးစီးမှု၊ သစ်ပင်နှင့် ပန်းမန်အလှများ စိုက်ပျိုးပြီးစီးမှုနှင့် လူလျှောက်လမ်းများ ကွန်ကရစ်ကျောက်ပြားများ ခင်းပြီးစီးမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် ရေနုတ်မြောင်းများနှင့် ချောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ရန်ကုန်မြို့နေ ပြည်သူအများ ကျန်းမာရေးနှင့် ညီညွတ်စေရန် ကျန်းမာသန့်ရှင်းသည့် ပတ်ဝန်းကျင်၌ နေထိုင်နိုင်ရေးအတွက် ကူးစက်ရောဂါပိုးများကို သယ်ဆောင်သည့် ခြင်နှင့် ယင်များ ပေါက်ပွားခြင်းမရှိစေရန် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရပ်ကွက်များနှင့် လမ်းများ၌ ရေမအိုင်စေရေး ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ၊ ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်းမရှိစေရန် အမြဲမပြတ် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အလားတူ နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အားလုံးတို့၌ ဆောင်ရွက်သည်။

(သတင်းစဉ်)

ဇူလိုင် ၃ ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အင်းလျားကန်ပေါင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

ဇွန် ၁၉ ရက်က ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင်ထံသို့ လှိုင်သာယာမြို့နယ် အမက(၄၇)အတွက် အလှူငွေကျပ် ငါးသိန်းကို ဂရိတ်ဝေါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်မောင်က ပေးအပ်စဉ်။ (က-ပ)

ဒုတိယအကြိမ် ဂျပန်ဖလား ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၅

၂၀၀၄ ခုနှစ် ဒုတိယအကြိမ်မြောက် ဂျပန်ဖလား တံခွန်စိုက် ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် မွန်းလွဲပိုင်းမှစ၍ အောင်ဆန်း အားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး မောင်ကိုနှင့်တာဝန်ရှိသူများ၊ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Hiroshi Kawamura နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှသောင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ကြူကြူနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားကီလိုတန်းအလိုက် ဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှသောင်းမြင့်တို့က အောင်နိုင်ဆုများကိုလည်းကောင်း၊ အမျိုးသမီးကီလိုတန်းအလိုက် ဆုရရှိသူများအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ နာယကကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိသူများက အောင်နိုင်ဆုများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေလေးခု၊ ငွေသုံးခု၊ ကြေး ခြောက်ခုဖြင့် အမျိုးသား၊ အမျိုးသမီး စုပေါင်း တံခွန်စိုက်ဆုဖလား ရရှိသွားသော သစ်တောရေးရာအသင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၊ သံရုံးယာယီတာဝန်ခံ Mr. Hiroshi Kawamura က တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ဆုများချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကို အမျိုးသား ၅၅ ကီလိုတန်း ဆုရရှိသူများအား အောင်နိုင်ဆုများ ချီးမြှင့်စဉ်။ (ကြေးမုံ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည် ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ရက်တွင် ကျင်းပမည်ဖြစ်ရာ တစ်ဦးချင်း သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ်၅၀၀၀ နှင့် စုပေါင်း လှူဒါန်းလိုပါက သင်္ကန်းဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀၊ သံဃာတစ်ပါး ဆွမ်းစရိတ် ကျပ် ၅၀၀၊ ထီး၊ ဖိနပ်၊ ဆေးပစ္စည်းလေးပါး စသည်တို့ကို ရိပ်သာ ဖုန်း-၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

၂၀၀၄ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်အထူးအောင် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၅

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယ စာမေးပွဲ၌ ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် သုံးကျမ်းပြီး ၂၄၉ ပါး၊ နှစ်ကျမ်းပြီး ၂၅၃ ပါး၊ တစ်ကျမ်းပြီး ၃၃၇ ပါး၊ မြန်မာဂုဏ်ထူး ငါးပါး၊ ပါဠိဂုဏ်ထူးငါးပါး အောင်မြင်တော်မူကြသည်။

၂၀၀၄ ခုနှစ် ပထမပြန် အထူးအောင် ရွေးချယ်ရေးစာမေးပွဲ တွင် ဖြေဆိုခဲ့သော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ပထမကြီးတန်း၌ လေးပါး၊ ပထမလတ်တန်း၌ လေးပါးနှင့် ပထမငယ်တန်း၌ လေးပါး အောင်မြင်တော်မူကြသည်။

အထူးအောင် ပုဂ္ဂိုလ်များမှာ ဓမ္မာစရိယတန်း၌ ပထမ ခုံအမှတ်(ဗ-က ၂၅၈) ဦးရေဝတ (အဂ္ဂမဟာအကျော်) ဣန္ဒာသယ ပရိယတ္တိစာသင်တိုက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့၊ ဒုတိယ ခုံအမှတ်(ဗ-ခ ၂၃၅) အရှင်အဂ္ဂဓမ္မ မစိုးရိမ်တိုက်သစ် ဓမ္မပါလကျောင်း မဟာအောင်မြေမြို့နယ် မန္တလေးမြို့နှင့် တတိယ ခုံအမှတ်(ဆ-၂၉၈) ဉူးဝိဇ္ဇောဘာသ ကြခတ်ပိုင်းကျောင်းတိုက် ပဲခူးမြို့တို့ဖြစ်သည်။

ပထမကြီးတန်း

ပထမကြီးတန်းတွင် ပထမ ခုံအမှတ်(ဗဟ-၁၈၆) အရှင်စန္ဒာဝရ (ပထမကျော်) ညောင်တုန်းကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဒုတိယ ခုံအမှတ်(ဗဟ-၁၇၉) အရှင်ဝိစိတ္တာနန္ဒာလင်္ကာရ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ တတိယ ခုံအမှတ်(မုံ-၁၁) အရှင်ဉာဏိသရ မဟာဇောတိက ရာမပါဠိတက္ကသိုလ် ကျောင်းတိုက် မုံရွာမြို့နှင့် သီလရှင် ပထမ ခုံအမှတ်(လင်း-၃၄) မရူပဝတီ ဓမ္မဒူတတောရကျောင်းတိုက် တောင်စွန်းဘီလင်းမြို့တို့ ဖြစ်သည်။

ပထမလတ်တန်း

ပထမလတ်တန်းတွင် ပထမ ခုံအမှတ်(စက-၆၁) အရှင်ဓမ္မရောလင်္ကာရ မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ ဒုတိယ ခုံအမှတ် (ဗဟ-၃၀၆) အရှင်ဥက္ကဋ္ဌ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ တတိယ ခုံအမှတ် (မော်-၂၇၃) ရှင်အဂ္ဂဉာဏ ဆင်ဖြူစာသင်တိုက် မော်လမြိုင်မြို့နှင့် သီလရှင် ပထမ ခုံအမှတ် (ဗဟ-၃၈၃) မမနောဟရာ ပဏ္ဍိတရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ရန်ကုန်မြို့တို့ ဖြစ်သည်။

ပထမငယ်တန်း

ပထမငယ်တန်းတွင် ပထမ ခုံအမှတ် (မုံ-၇) အရှင်ဝေပုလ္လ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက် မုံရွာမြို့၊ ဒုတိယ ခုံအမှတ် (ကွေး-၂၂၀) ရှင်ပဏ္ဍိစ္စ အောင်မြေရတနာကျောင်းတိုက် မကွေးမြို့၊ တတိယ ခုံအမှတ်(မုံ-၅၀၇) ရှင်သီလာစာရ အုတ်ကန်တောရ စာသင်တိုက် မုံရွာမြို့၊ သီလရှင် ပထမခုံအမှတ်(လင်း-၆၄) မဆေကဝတီ ဓမ္မဒူတတောရ ကျောင်းတိုက် တောင်စွန်းဘီလင်းမြို့တို့ ဖြစ်သည်။

ယခုနှစ် ဓမ္မာစရိယ စာမေးပွဲအောင်စာရင်းနှင့် ပထမပြန်အထူးအောင် စာမေးပွဲ အောင်စာရင်းများကို ပြည်နယ်၊ တိုင်း သံဃနာယကအဖွဲ့ ရုံးများ၌ လည်းကောင်း၊ ပြည်နယ်၊ တိုင်း သာသနာရေးမှူးရုံးများ၌ လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ လည်းကောင်း ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

တောင်ပြုံးကျေးရွာ ပြုံးပန်းတစ်ရာ စာကြည့်တိုက်ဖွင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်

တံတားဦး ဇွန် ၃၀

၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ ပြုံးပန်းတစ်ရာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားများကို ဇွန် ၂၇ ရက် နံနက် ၈ နာရီက တောင်ပြုံးကျေးရွာ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်း တက်ရောက်၍ ပြုံးပန်းတစ်ရာ စာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် တွဲဖက်အလယ်တန်းကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲနှင့် 'ပြုံးပန်းတစ်ရာ' စာကြည့်တိုက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက အမှာစကားပြောကြားပြီး အလှူရှင်များမှ စုပေါင်းလှူဒါန်းငွေ ကျပ် ၄၇၈၀၀၀ လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးကောင်းလွင်နှင့် အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးစိန်မြ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေးလှိုင်နှင့် တာဝန်ရှိသူများ၊ တောင်ပြုံးကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဇွန် ၁၀ ရက်က မိုးညှင်းမြို့နယ် အရှေ့စုရပ်ကွက် နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်ဝင်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ညွန့်သို့ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဇွန် ၂၅ ရက်က ချင်းပြည်နယ် တီးတိန်မြို့ စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲ၊ ယာ မြို့တွင်းကျောက်စီ မြေထိန်းနံရံပေါ်နှင့် မြို့လယ် နာရီစင်၊ မြို့လယ်ပန်းခြံ၊ လွတ်လပ်ရေးကျောက်တိုင်တို့တွင် ပန်းအလှပင်များကို အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်/စည်ပင်)



ဝတ်စားဆင်ယင်မှု ပြိုင်ပွဲပါဝင်သူများ ဂုဏ်ပြု

ဖားကန့် ဇွန် ၁၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ခဲ့ကြသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မရှိကထောင်ရပ်ကွက်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်းမတွင် မေ ၂၈ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဖားကန့်မြို့နယ် မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လင်းမော်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗိုလ်မှူးကြီးတင်ရှိန်၊ ဥက္ကဋ္ဌ ဦးမင်းဆွေနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်လင်းမော်တို့က အမှာစကားပြောကြားသည်။

ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲတွင် ပါဝင်ခဲ့ကြသူများအား၊ သက်ဆိုင်ရာမှ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(၅၃၈)**

လျှပ်စစ်မီးလင်းရေး လိုက်လံစစ်ဆေး

နွားထိုးကြီး ဇွန် ၂၀

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အဖွဲ့သည် မကျီးကန်ကျေးရွာသို့လည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်ထွန်းနှင့် အဖွဲ့သည် နန္ဒင်းတော်ဘိုး ကျေးရွာသို့ ကွင်းဆင်းပြီး နွားချေးဖြင့် ဇီဝဓာတ်ငွေ့ထုတ်ကာ လျှပ်စစ်မီးလင်းရေး အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

နွားထိုးကြီးမြို့နယ်တွင် နွားချေးဇီဝဓာတ်ငွေ့ထုတ်ပြီး လျှပ်စစ်ဓာတ်အားကို ကျေးရွာလေးရွာ၌ ပထမအဆင့်ဖြန့်ဖြူးမည်ဖြစ်ရာ ယခုကဲ့သို့မကျီးကန်ကျေးရွာနှင့် နန္ဒင်းတော်ဘိုးကျေးရွာသို့ ကွင်းဆင်းခြင်းဖြစ်သည်။ **(၉၅)**

မြို့နယ်သတင်းများ

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဇွန် ၂၅ ရက်က မြောင်းမြမြို့ ရွှေဂုံတိုင်ရပ်ကွက်အတွင်း ရေမြောင်းများဖော်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၇၆)

ရေမင်း ကားလေး အမြန်ယာဉ်လိုင်းဖွင့်

ပန်းတောင်း ဇွန် ၂၉

ရေမွန် အထွေထွေ ကူးသန်း/ဝန်ဆောင်မှုသမဝါယမအသင်း လီမိတက် ပန်းတောင်းမြို့နယ် ကျွန်းဇမ္ဗူ သမဝါယမအသင်းစု၊ ပြည်မြို့နယ် သီရိခေတ္တရာ သမဝါယမအသင်းစုနှင့် သမဝါယမဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေမင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ကားလေး အမြန်ယာဉ်ဂိတ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၃ရက် နံနက် ၉ နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် ကျွန်းဇမ္ဗူ သမဝါယမအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရေမွန် အထွေထွေ ကူးသန်း/ဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်၊ ရေမင်း ကားလေး အမြန်ယာဉ်ဥက္ကဋ္ဌ ဦးသန်းမြင့်က ယာဉ်လိုင်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်အကြောင်း ပြောကြားသည်။ ထို့နောက် ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြိုင်နှင့် ရေမင်းကားလေး အမြန်ယာဉ်ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ကားလေး အမြန်ယာဉ်လိုင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေမင်းကားလေး အမြန်ယာဉ်လိုင်းသည် ပြည်-ရွှေဘုံသာ-ဆင်တဲ-ပန်းတောင်းမြို့တို့ကို နံနက် ၆နာရီမှ ညနေ ၅နာရီထိ လွန်းပြန်ပြေးဆွဲပေးမည်ဖြစ်ပြီး ရထားကြိုကားလည်း ထားရှိမည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဖွင့်

ကျောက်မဲ ဇွန် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၉ နာရီတွင် ပန်စံ(ဝိုး) ကျေးရွာ မူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်ဝင်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းဆုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ဦးစီးမှူး ဦးကျော်ဝင်းကိုက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်း ဟောပြောသည်။ **(ခရိုင်ပြန်/ဆက်)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးကောင်းမြို့ ကျွန်းတောရပ်ကွက်အတွင်း နောင်တယ်တံတားကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ ဇွန် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဆန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၄၉၉)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဟောပြော

တကောင်း ဇွန် ၃၀

ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းလျက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဟောပြောပွဲကို ဇွန် ၂၄ ရက် မွန်းလွဲပိုင်းက အင်းနက်အုပ်စုအတွင်းရှိ အင်းနက်၊ ကျွန်းကြီးကုန်း၊ ကုက္ကိုကုန်း၊ ငါးခေါင်းဒေါင့် ကျေးရွာများတွင် ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်သွင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေး၊ ကျေးရွာတိုင်း သတင်းစာရောက်ရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ သပိတ်ကျင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အတွင်းရေးမှူး ဦးသန်းအောင်၊ အသင်းအမှုဆောင်များ၊ ကျေးလက်ပြည်သူများ၊ ကျေးရွာဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်ဝင်းနှင့် ဝန်ထမ်းများ ဇွန် ၁၆ ရက်က မြို့မဈေးပတ်လမ်း၊ အောက်လမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်များ ရှင်းလင်းခြင်းနှင့် ဈေးအတွင်းသို့ ရေတက်မလာစေရေး ဆောင်ရွက်စဉ်။ (မြို့နယ်/စည်ပင်)

ကျေးလက်ရေပေးရေး ရေမပြတ်ရေး ဆောင်ရွက်

မိုးကောင်း ဇွန် ၂၅

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းကျော်ကျော်တို့လိုက်ပါ၍ ပင်းဘောကျေးရွာစိမ့်စမ်း ရေသွယ်ရေပေးရေးလုပ်ငန်းအား မေ ၁၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ထိုသို့စစ်ဆေးရာတွင် ကျေးရွာရှိ ရေပေးဝေရေးရေကန်များသို့ ရေဝင်ရောက်မှု၊ ရေဝေကန်များမှ ရေပေးဝေမှုနှင့်ရေပိုက်လိုင်းများ၊ အိမ်သွယ်ရေတိုင်များအား အသေးစိတ်စစ်ဆေး၍ ရေမပြတ်ရရှိနိုင်ရေးအတွက် ကျေးရွာရေပေးရေးတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ (က–ပ)

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းဘေးဝဲ/ယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်က တောင်ကြီး–လှိုင်လင် လမ်းမကြီးတစ်လျှောက် ပန်းအလှပင် ၅၀၀ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် ဦးစီးအရာရှိ ဦးအောင်မိုးသိန်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က–ပ)

လှည်းကူးမြို့နယ် ငါးဆူတောင်သာသန မဉ္ဇူပင်္ဒိပတ္တိဋ္ဌာန မဓ္ဓဆာရာကျောင်းတိုက် ရေစက်အတွက် ဦးနိုင်ဝင်းဇော်နှင့်ဒေါ်ခွန်လွန်တို့က အလှူငွေကျပ်တစ်သိန်းကို ဇူလိုင် ၂ရက်က မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် သုနန္ဒာလမ်းမ သာသနမဉ္ဇူ သီလရှင်စာသင်တိုက်ပဓာနနာယက ဆရာလေးဒေါ်ကေသရီထံ လှူဒါန်းစဉ်။ (က–ပ)

ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ ပေးအပ်

ပုသိမ် ဇွန် ၂၉

အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်း ထောင်အုပ်စု ပုသိမ်အကျဉ်းထောင်ဝန်ထမ်းမိသားစု ကျောင်းသူ၊ ကျောင်းသားများအား ၂၀၀၄–၂၀၀၅ ခုနှစ်ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံများပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်က အကျဉ်းဦးစီးဌာန ခန်းမရုံတွင် ကျင်းပသည်။

ပေးအပ်

ထို့နောက် အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်း ထောင်အုပ်စု ဦးသန်းစိုးနှင့်ဇနီး၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး ပုသိမ်ခရိုင်အကျဉ်းထောင်တာဝန်ခံ ခရိုင်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသွင်က ပုသိမ်အကျဉ်းထောင်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မူမူအေးသို့ ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကျေးလက်လမ်း ကြံ့ခိုင်ရေး ဖြူဖြင်ထိန်းသိမ်း

ဇလွန် ဇူလိုင် ၁

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်းလတ်နှင့်အဖွဲ့သည် ဇွန် ၁၈ ရက်မှ ၂၇ ရက်ထိ ဇလွန်–ကော့ကပ်–ရွာခဲကျေးလက်လမ်းအား မိုးရာသီကာလ လမ်းကြံ့ခိုင်ကောင်းမွန်နေစေရေးအတွက် ရေဆင်းမြောင်းများ ဖောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဇွန် ၅ ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးဝင်းနှင့် ဒုတိယဦးစီးမှူး ဒေါ်ချိုချိုမြင့်တို့ ဦးစီး၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမြန်ရောင်းမည်

မြောက်ဥက္ကလာ အဝေးပြေးအနီး သုခမ္မာ (အမှတ်–၃)လမ်းမပေါ် 30'x40' BN၊ နှစ်ထပ် ဘိလိယက် နှစ်ခုံပါ။ Ph:0950 12322။



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက်၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။ **၂၂၈၊သိမ်ဖြူလမ်း၊ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။**

ဦးအိုက်ထွန်း (အာရှမနေဘဏ်လီမိတက်–ဒု ဥက္ကဋ္ဌ၊ အိုလံပစ်ကုမ္ပဏီလီမိတက်–ဥက္ကဋ္ဌ)၏ မွေးဇာတိဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် မိုင်းကိုင်မြို့တွင် ၂၅– ခုတင်ဆံ့ မိုင်းကိုင် ဆေးရုံ၊ အထက (၁)၊ အမက (၁) နှင့် အမက (၆) ကျောင်းဆောင်သစ်များ လှူဒါန်းခြင်း အခမ်းအနားအား လိုက်လှဲဝမ်းသာစွာ ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

၁။	ဦးအောင်ရွှေ	Fantasy World Co., Ltd
၂။	ဦးအောင်သိန်း	Aung Thi Ha Co., Ltd
၃။	ဦးကျော်နိုင်	Myanmar A Hla Construction
၄။	ဦးသိန်းဟန်	Myanmar Pipes & Accessories Co., Ltd (TOKO PIPE)
၅။	ဦးခင်မောင်မြတ်	Peace Myanmar Electric Co., Ltd
၆။	ဦးကျော်မြင့်	Myanmar A Hla Construction
၇။	ဦးမောင်မောင်ကြီး	M.M.G Construction & Trading Co., Ltd
၈။	ဦးခင်ဇော်	Myanmar A Hla Construction
၉။	ဦးကျင်ထွန်း	Newest Garment Manufacturing Co., Ltd
၁၀။	ဦးနေဝင်း	Tine Chit Swe Trading
၁၁။	ဦးမျိုးသန့်	Myo Thant Aung Trading
၁၂။	ဦးသိန်းလွင်	Toe Nayar Trading, Asia Royal Cradic & Medical Care
၁၃။	ဒေါက်တာလှစိုး	Pyi Sone Trading



ရောင်းရန်

Honda Accord Inspire 92 Model ၂က/–။

ဆက်သွယ်ရန်–၂၂၀၉၇၁။

ရေးမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်တင်ရွှေ(ခ)ဒေါ်တီ

အသက်(၈၅)နှစ်

(ရေးမြို့)

ရေးမြို့နေ(ဦးနု–ဒေါ်ချစ်စု)တို့၏ သမီး၊ အမှတ်(၈၆)တနင်္သာရီလမ်းမကြီး၊ သီရိနန္ဒာရပ်၊ ရေးမြို့နေ ဒေါ်နှင်းရွှေ၏ ညီမ၊ဦးရဲမြင့်–ဒေါ်မြသီ၊အမှတ်(၂၄–B)၊ ပထမထပ်ကြံခင်းလမ်း၊ စမ်းချောင်း နေ ဦးစိုးလွင်–ဒေါ်မိမိဆန်းတို့၏ မိခင်၊ မခိုင်ချိုခန့်၊ လှိုင်လွင်လတ်၊ ရဲကောင်း မြတ်၊ ဗိုလ်ရဲဟိန်းဇော်၊ နှင်းသွဲ့ဖြူတို့၏ အဘွားသည် ၃၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၄–၇–၂၀၀၄ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း အသင်းဝင်များအား အကြောင်း ကြားပါသည်။ အမှုဆောင်အဖွဲ့။

ပေါင်းတည်အသင်း(ရန်ကုန်)

ဦးတင်မောင်ထွေး(၇၃)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ် (၂/က)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၁၅၂)နေ ဒေါ်မြ၏ခင်ပွန်း၊ ရာသက် ပန်အသင်းဝင်(၁၇၃၂)သည် ၃၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၇–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့။

ရဟန်းဒါယိကာမကြီး

ဒေါ်စိန်စိန်ရီ(ခ)ဒေါ်ခင်မမ

အသက်(၆၁)နှစ်

ဇန်းမော်မြို့

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက်နေ (ဒေါက်တာဦးကိုကြီး–ဒေါ်လှကြည်) တို့၏သမီးထွေး၊ တောင်တွင်းကြီးမြို့ နေ (ဦးကောက်၊ ဒေါ်ခင်မေ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၀)၊ အခန်း(၂၀)နေ (ဗိုလ်မှူးခင်မောင်ထွေး) (တပ်မတော်–လေ)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ခင်ဥမ္မာထွေး၊ ဦးဝဏ္ဏထွေး (အကောက်ခွန်)–ဒေါ်ခင်သီတာဌေး၊ ဒေါ်ခင်သဇင်ထွေး – ဦးမျိုးမင်းသန့် (အောင်ကျော်မင်းလျှပ်စစ်နှင့်စတိုး)၊ ဒေါ်ခင်စန္ဒီထွေး–ဦးသိန်းလွင် (THAI SAWAT Co.)တို့၏ ချစ်လှစွာသော မိခင်၊ ရဲသူရမျိုးသန့်၊ အောင်မော်ဟိန်း၊ သက်ထက်အောင်မျိုးသန့်၊ စုလတ်ရတ နာ၊ ရွှန်းလဲ့မေလွင်(ခ)ယုကီတို့၏အဘွား သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆီး နှင့်ကျောက်ကပ်ဌာန၌ ၄–၇–၂၀၀၄ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွား ပါ၍ ၆–၇–၂၀၀၄ (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။



ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရီ(DDE–၁၅၃၅၉၂)၊ အမှတ်(၁၂)၊ မြကန်သာ(၂)လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက် အရ ကန့်ကွက်နိုင်ကြောင်း အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ရီက ၂၆–၆–၂၀၀၄နေ့တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ (၉)မိုင်၊ တော်ဝင်သီရိရိပ်သာ၊ (၅)လွှာ၊ အခန်း(A-505)၊ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်များအားလုံးကို ဒေါ်ချိုချို(ISN–၁၂၅၂၁၈)၊ အမှတ်(၁၄၈)၊ 23 A-1လမ်း၊ (၈)မိုင်ခွဲ၊ မရမ်းကုန်း မြို့နယ်နေသူထံမှ အပြီးအပိုင်ဝယ်ယူရန် ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်ချုပ်ဆို၍ စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ဖြစ်စေ၊ ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်ဇော်	ဒေါ်ကျော့ကျော့လှိုင်
B.A.(Law)LL.B, D.B.L.	LL.B,LL.M.
စဉ်–၁၄၇၅	စဉ်–၇၀၉၉

တရားရုံးချုပ်ရှေ့နေများ

အမှတ်(၃၁/၃၃)၊ စတုတ္ထထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၉၈၂၅။

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်စိုး(၅၁)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး

မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း

၁–၇–၂၀၀၄ရက်တွင် ဆရာကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကောင်းရာသုဂတိလားပါစေ–––၊

မုန်းချောင်းရေအားလျှပ်စစ်ဝန်ထမ်းမိသားစုများ။

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဇော်လင်း၏သား မောင်ဇော်ဝင်း [၁၂/ဗတထ(နိုင်)၀၃၂၂၂၄]သည် မိဘများလုံးဝခွင့်မလွှတ်နိုင်သောကိစ္စများကို မိမိသဘောဆန္ဒအရပြုမူ သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူဖြေရှင်းမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးဇော်လင်း–ဒေါ်ရာဘီယာဘီ။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း

ဒါယိကာမကြီး

မိသောင်းမြ (၆၉)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်

တော်တနာရွာ

ဖားအံမြို့နယ်၊ ကော့ဂွန်းကျေးရွာ နေ (နိုင်မြမင်း–မိမယ်ဒါ) တို့၏သမီး ချွေးမ၊ နိုင်မောင်တင်–ဒေါ်လှတင်၊ နိုင်လှ ဝင်း–ဒေါ်အုံးရင်၊ နိုင်စံတင်– (မိရင်လှ)၊ နိုင်ကျော်ထွန်း၊ နိုင်သောင်းကျော်–မစန်းရီ တို့၏ညီမ၊ နိုင်စိုးမြင့်– မိမြညွန့်တို့၏ အစ်မ၊ နိုင်စိန်ချော (မေတ္တာမွန်ကား ပစ္စည်းဆိုင်)၏ဇနီးသည် ၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၃–၇–၂၀၀၄ (စနေနေ့) ညနေ ၅နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမောင်နှမတစ်စု။

ဦးတင်စိုး

အသက်(၅၁)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး

(မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း)

ရန်ကုန်မြို့နေ (ဦးအောင်သန်း)– ဒေါ်တင်မြတို့၏သားကြီး၊ ပဲခူးတိုင်း၊ ပြည်မြို့နေ ဦးမောင်မောင်–ဒေါ်စန်းရီ တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် (၉၆) A/4၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်နေ မောင်နန္ဒကျော် (G.T.C ပြည်မြို့)၊ မောင်ဖုန်းမောင်မောင်ကျော်၊ (G.T.C၊ ပြည်မြို့)၊ မခိုင်သဇင်စိုး VIA အထက(၅)၊ ပြည်မြို့တို့၏မွေးသဖခင်၊ ဒေါ်ဝေဝေနွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်စိုးသည် အာရှတော်ဝင်ဆေးခန်း ၌ ၁–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွား ပါ၍ ၃–၇–၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်သန်း(၆၁)နှစ်

ဖျာပုံမြို့

ဦးအောင်သန်း၊ ဥက္ကဋ္ဌ ဇင်းဘောင်ကုမ္ပဏီလီမိတက်၊ ဥက္ကဋ္ဌ ဖျာပုံခရိုင် ဆန်စက်လုပ်ငန်းရှင်များအသင်းသည် ၃၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတိယဗိုလ်မှူးကြီးရဲထွဋ်–ဒေါ်မြမြမိသားစု

ဥက္ကဋ္ဌ

ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ဖျာပုံခရိုင်၊ ဖျာပုံမြို့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဂနီ(ခ)ဦးကံကြည်

အသက်(၆၀)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၂၆)၊ ၃၁လမ်းနေ (ဟာဂျီ ဦးမောင်ကလေးနှင့်ဟာဂျီမဒေါ်တီ)တို့၏ သား၊ ဟာဂျီမ ဒေါ်အမာဂျမ်း၊ ဒေါ်ဂူလ်၊ အလ်ဟာဂျ် ဦးသန်းကြည်တို့၏ ညီ၊ မောင်၊ ဦးချိုကု၏အစ်ကိုသည် ၃–၇–၂၀၀၄ စနေနေ့ မွန်းလွဲ ၂း၁၀နာရီ တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ အစွရ်နာမာဇ်အပြီး ကျူလီယာဗလီမှ ရေဝေးစူနီကဘာစတန် ဥယျာဉ်တွင် ဒါဖွနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ။

ဒေါ်ကြင်ပြုံး(၉၇)နှစ်

(ကွမ်းခြံကုန်း)

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ ၂၅လမ်း၊ အမှတ်(၆၆)နေ (ဦးမောင်ညွန့်)၏ဇနီး၊ ဦးကျော်လှိုင်-(ဒေါ်မြသန်း)၊ဒေါ်ပြုံး၊ဦးကျော်မြိုင်-ဒေါ်အေးအေး(ခေတ္တ-USA)၊ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး)၊(Golden Beach Hotel Chaung Tha)-ဒေါ်ခင်ခင်အေး(ရွှေဆောင်ပုံနှိပ်တိုက်)၊ ဦးကျော်စွာ(Computer)-ဒေါ်မြမြသွင်(အထပြ-ငြိမ်း)(ခေတ္တ-USA)တို့၏ မွေးသမိခင်၊ ဦးအောင်ကျော်ဦး-မဂီ (Art ManCo,.Ltd. & IDEA Co.,Ltd.) ၊ ဒေါက်တာအောင်ကျော်ထူး(Kaiser Permante,Bakersfield)၊ ဦးအောင်ကျော်ဖြိုး-မတယ်မီ(San Jose)၊မောင်အောင်ကျော်ကျော်(ဆေး-၁)၊ မောင်ဖြိုးဝေခိုင် (UC Berkeley)၊ မောင်တေဇာခိုင်၊ မောင်ထိန်လင်းခိုင်၊ မောင်ထိန်ဝင်းခိုင်၊ မြေး ၁၁ယောက်နှင့် မြစ်ငါးယောက်တို့၏အဘွားဘွားကြီးသည် ၃-၇-၂၀၀၄ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများနံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးကျော်ဇင်လွင်(လတ်လတ်)

B.A(Law) L.L.B၊ တရားရုံးချုပ်ရှေ့နေ

၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးကျော်ဇင်လွင်(လတ်လတ်) နာမကျန်းစဉ် အထူးဂရုစိုက်ကုသပေးသော သျှင်ပါကူ အထူးကုဆေးခန်းမှ ဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ အစအဆုံးအဘက်ဘက်မှ ကူညီစောင့်ရှောက်ပေးသောညီအစ်ကိုမောင်နှမ၊ ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများအား လည်းကောင်း၊ တယ်လီဖုန်းဖြင့် သတင်းမေးမြန်းကြသော မိတ်ဆွေများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ပေးကြသော ရန်ကုန်မြို့နှင့် နယ်များမှ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းအောင်(၇၂)နှစ်

(မန္တလေး)

မန္တလေးမြို့၊ အမှတ်(၄၀၂)၊လမ်း(၈၀)၊(၂၄)လမ်းနှင့်(၂၅)လမ်းကြားနေ ဒေါ်မြသိန်း(ယူနီဗာဆယ်လက်ဖက်ခြောက်)၏ခင်ပွန်း၊ ဦးစိုးမင်း-မသီဂီ၊ မမို့မို့၊ ဦးမြတ်ကောင်း-ဒေါ်နွယ်နီအေး၊ ဦးစိုင်းဝင်းလွင်-မနန်းမြတ်ကေခိုင်တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရ၍ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

(Golden Key Co.,Ltd) Mikko Group.ရန်ကုန်(ရုံးချုပ်)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာအောင်ဆန်း(ဒါးက)

ဒေါက်တာချိုနွယ်အေး၏ခင်ပွန်း သူငယ်ချင်း ဒေါက်တာအောင်ဆန်းသည် ၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၆၄ခုနှစ်ဆေးတက္ကသိုလ်(၁)ဝင်သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးသူရအောင်(တောအုပ်ကြီး)

အသက်(၃၄)နှစ်

သူငယ်ချင်း၂-၇-၂၀၀၄(သောကြာနေ့)တွင် ကွယ်လွန်သွားသည့် အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

၁၉၉၅ခုနှစ် သစ်တောတက္ကသိုလ်ကျောင်းဆင်းသူငယ်ချင်းများ။

ရဟန်းဒါယကာကြီး

ဦးအောင်သန်း (၇၃)နှစ်

ရန်ကုန်တိုင်းတရားရုံး(ငြိမ်း)

(မြိတ်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဘဦး-ဒေါ်ကြင်ဟန်)တို့၏ သား၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအုန်းငွေ-ဒေါ်ကြင်ရှိန်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၁၁)၊ (၁၁)လမ်း၊ အခန်း(၀၀၂)နေ ဒေါ်တင်တင်ဝင်း၏ခင်ပွန်း၊ရန်ကုန်မြို့နေ(ဒေါ်မိမိကြီး)၊(ဒေါ်လှရီ)၊ ဒေါ်ကြည်ကြည်၊ (ဦးဘိုမောင်)၊ (ဒေါ်မြင့်မြင့်)၊ ဒေါ်ခင်ခင်ဦးတို့၏ အစ်ကို/ညီမောင်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးမျိုးမင်းဦး (တပ်မတော်ဆေးတက္ကသိုလ်)-မမေငယ်ထွေး၊ ကိုဇော်မင်းဦး-မလေးလေးနွယ်၊ ကိုကျော်မင်းဦး (ရန်ကုန်တိုင်းတရားရုံး)-မသဥ္စာအောင်၊ ကိုဝဏ္ဏထွန်း၊ မကေသွယ်ဦး(X-A ၊အထက၊ သုဝဏ္ဏ)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် အထက်ပါယုဇနနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးမြင့်သိန်း (၅၅) နှစ်

(အိုးသည်ကုန်းမြို့)

မေတ္တာမိုး၊ အုန်း၊ ငှက်ပျော၊ ဆန်ဆိုင်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ အမှတ်(၁၄)၊ သစ်ယာလမ်းနေ (ဦးမောင်ကြယ်-ဒေါ်ဖွားရှင်)တို့၏သား၊(ဦးထွန်းစိန်-ဒေါ်ဆိတ်)တို့၏ သားသမက်၊ ဒေါ်ငွေကြည်(ခ)ဒေါ်တူး၏ ခင်ပွန်း၊ (ကိုတင်ဌေး)-မလှလှဝင်း၊ ကိုဇော်မင်း ဦး-မနီလာဝင်း၊ ကိုဝင်းမြင့်-မစိမ်းစိမ်း၊ မောင်ဇော်ဝင်းထွန်းတို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၅-၇-၂၀၀၄ ရက်တွင် ဗဟိုရ်စည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇-၇-၂၀၀၄ ရက် မွန်းလွဲ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ကျင်ရွှေ

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၆)လမ်း၊ တိုက်(၁၀)၊ အခန်း(၇)နေဦးလှညိန်၏ဇနီး၊ ဦးညွန့်ဝေ-ဒေါ်ကြူလေး၊ ဦးလှဝေ (ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန)-ဒေါ်ခင်ခင်အုံ၊ ဦးမြင့်ဝေ-ဒေါ်စမ်းစမ်းအေး၊ ဦးခင်ဝေ-ဒေါ်ခင်သန်းဦး၊ ဦးတင်ဝင်း(ပြန်/ဆက် ဦးစီး)-ဒေါ်သန်းသန်းနု၊ ဦးဝင်းကျော်-ဒေါ်အေးအေးနု၊ မောင်မြင့်ထွေး၊ မောင်ကျော်အောင်၊ မညွန့်ညွန့်သန်း(တပ်မတော်ချည်ထည်၊ သမိုင်း)တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၅-၇-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးသန့်

အသက်(၄၂)နှစ်

B.Sc (Math;)

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဦးလူကလေးလမ်း၊အမှတ်(၃၆)နေ(ဦးတင်-ဒေါ်သန်း)တို့၏သား၊ဦးသောင်းမြင့် (ကာကွယ်ရေးဝန်ကြီးဌာန၊ငြိမ်း)-ဒေါ်ခင်မြသန်း (သတ္တုတွင်းဝန်ကြီးဌာန-ငြိမ်း)၊ ဦးလှထွေး (မြို့နယ်လျှပ်စစ်မှူး-ငြိမ်း)-ဒေါ်ခင်သစ်၊ ဒေါ်မြင့်မြင့်ဝင်း (အမက-၁၂၊ သာကေတ)၊ ဦးဝင်းမြင့်သန်း-(ဒေါ်စိုးစိုးဝင်း)တို့၏ မောင် တူ၊တူမ ၁၀ယောက်တို့၏ဦးလေးသည် ၅-၇-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချိုသာ(၈၇)နှစ်

(စစ်တွေ)

စစ်တွေမြို့နေ(ဦးလှဘော်-ဒေါ်ညို)တို့၏သမီး၊ (ဦးစံကျော်)၏ဇနီး၊ ဦးခင်မြင့်-ဒေါ်ဦးခင်ကျော့၊ ဦးမောင်လေး-ဒေါ်ခင်ရီ၊ ဦးဘခင်-ဒေါ်သောင်းတင်၊ ဦးစံလှကျော်-ဒေါ်ခင်စိုး(ခ)စုစုတို့၏မာမာကြီးသည် အမှတ်(၉၈)၊ငါးလွှာ၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ၃-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည်(၈၅)နှစ်

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီလမ်း၊ စိမ်းလဲ့မေရိပ်သာ၊ အမှတ်(၁၈/စီ)နေ (ဦးတော်ဘသောင်း-ဒေါ်သန်း)တို့၏သမီး၊ဦးဟုတ်လျောင်၏ ဇနီး၊ (ဦးဘဆွေ)-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးလှဝင်း-Rosemarie Winတို့၏ အစ်မကြီး၊ ဦးမျိုးသန့်-ဒေါ်သန်းသန်းအေး၊ ဦးသိန်းအေး-ဒေါ်စန္ဒာဝင်းမင်းသိန်း၊ ဒေါက်တာသိန်းထွန်းဝင်း-ဒေါ်ဖြူဖြူအေး၊ဦးညီညီ-L.Wantanaတို့၏မိခင်၊Ann၊မင်းသူဝင်း၊ စည်သူဝင်း၊ Jinpuy၊မေဖြူခင်တို့၏ အဘွားသည် ၄-၇-၂၀၀၄(တနင်္ဂနွေနေ့) ည ၁၀း၄၅နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်လှတင် အသက် (၇၀)

(သပြေတောင်း)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ-ဒေါ်ချော)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်သိန်းဥ)၊ ဦးမြမောင် (ဦးကောဝိဒ)-ဒေါ်သန်းရှင်၊ ဒေါ်မြရင်တို့၏ ညီမ၊ ဦးသာချို-ဒေါ်ညွန့်ကြည်၊ (ဦးတင်ဝင်း)-ဒေါ်ခင်စန်းမြင့်၊ ဦးတင်လှိုင်-ဒေါ်ခင်သန်းထွေးတို့၏အစ်မ၊ရန်ကုန်မြို့၊ အမှတ်(၁၅)၊ အောင်ချမ်းသာ(၅)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ ချစ်လှစွာသောဇနီး ဒေါ်လှတင်သည် ၄-၇-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်လှတင် အသက် (၇၀)

(သပြေတောင်း)

မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မြင်းခြံကုန်းရွာနေ (ဦးဘရီ-ဒေါ်ချော)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၅)၊ အောင်ချမ်းသာ (၅) လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ ဦးတင်အောင်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၏ ချစ်လှစွာသော ဇနီး၊ မဝါဝါအောင် (မသိန်းနိုင်)၊ ကိုအောင်ဇင်ဝင်း (လဝကမှူး) - မသီတာအောင်(လဝကမှူး)၊ မနီလာအောင် (လက်ထောက်ကထိက၊ ပထဝီဌာန၊ အနောက်ပိုင်းတက္ကသိုလ်)၊ ကိုနေမျိုးဝင်းအောင် (လက်ထောက်မန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၊ ကိုလှမျိုးဝင်းအောင် (အောင်သစ္စာသယ်ယူပို့ဆောင်ရေး)-မကြူကြူမြတ် (အလက-၄၊ ကြည့်မြင်တိုင်)၊ ကိုဇော်ဝင်းအောင် (အောင်သစ္စာသယ်ယူပို့ဆောင်ရေး)-မအေးလဲ့ဖြူတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘွားသည် ၄-၇-၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ဖြူမေ အသက်(၈၀)

(စစ်တွေ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ကုန်သည်လမ်း၊ ကသ(၅၄)နေ (ဦးဒေါင်းလှအောင်)၏ ဇနီး၊ (ဦးကျော်သာ)-ဒေါ်စံသာ၊ (ဦးကျော်ဇော အောင်-ဒေါ်စံနုဖြူ)တို့၏အစ်မ၊ ဦးကျော်မြ(ကုန်သည်)-ဒေါ်ချိုချို၊ ဒေါက်တာအောင်ကျော်သိန်း (ပေါက်တောမြို့နယ် ဆရာဝန်)-ဒေါ်စိန်ရွှေ၊ (ဦးမောင်အေးညွန့်၊ မွေးမြူနည်းပြ) - ဒေါ်လှမေ (လေ့ကျင့်ရေးကျောင်း၊ ကျောက်ဖြူ)၊ (ဦးလှထွန်းကျော်၊ လ/ထ ညွှန်မှူး(ငြိမ်း) နယ်စပ်/စည်ပင်) - ဒေါ်သန်းရွှေ၊ (ဦးမောင်အေးခင်၊ က/သလယ်ယာ)-ဒေါ်အုန်းမေ၊ ဦးကျော်နု(အင်/ယာ၊ စစ်တွေဆိပ်ကမ်း)-ဒေါ်သိန်းခင်၊ ဦးမြသိန်း (ဒုလ/ထအကောက်ခွန်မှူး၊ နစခ၊ လွယ်ဂျယ်)-ဒေါ်မြင့်မြင့်ရီ၊ မောင်ကျော်မြတို့၏ မိခင်၊ မြေး ၁၈ ယောက်တို့၏ အဘောင်ရှင်သည် ၄-၇-၂၀၀၄ရက် တွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (အမှတ်-၇၈၆၊ ၅လွှာ-ညာ၊ ဇေယျာသုခလမ်း၊ မေတ္တာညွန့်၊ တာမွေနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်နုနု (၅၂)နှစ်

ရန်ကုန်မြို့နေ (ဦးဘခိုင်-ဒေါ်သန်း)တို့၏ သမီး၊ အမှတ်(၁၁)၊ အောင်မင်္ဂလာအိမ်ရာဥယျာဉ်နေဦးလှသန်း-ဒေါ်တင်မာဝင်း၊ ဦးရန်အောင်-ဒေါ်တင်တင်ဝိုင်တို့၏ ချစ်လှစွာသောညီမ၊ (ဦးဆန်းဝင်း)၊ ဒေါ်စုစု၊ ဦးဆန်းမြင့်-ဒေါ်နီလာကြည်၊ ဦးအေးသန်းလွင်-ဒေါ်ဖြူဖြူအောင်တို့၏ အစ်မ၊ ဦးဗိုလ်နီ-ဒေါ်သန်းသန်းဝင်း၊ ဦးလွင်မိုးဟိန်း၊ ဦးမျိုးခင်-ဒေါ်ယဉ်မင်းလွင်တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၅-၇-၂၀၀၄ ရက်တွင် ရွှေဗဟိုရ်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ်(၇)၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်မြကျင်(၇၈)နှစ်

(လေးဒေါင့်ကန်)

ရန်ကုန်မြို့ အမှတ်(၄၇)စီ၊ ၄လွှာ၊ ရေကျော်ကွက်သစ်လမ်း၊ကျိုက်တော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှသောင်း)၏ဇနီး၊ဦးသိန်းအောင်-ဒေါ်ပြုံးတို့၏မိခင်၊ မထိုက်ထိုက်ဦး-မောင်ကျော်လွင်၊ မောင်သီဟ၊မောင်ဇေယျာမင်းတို့၏ အဘွားသည် ၄-၇-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄ရက်နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

ကိုအောင်သန်းထွန်း (၃၅) နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၈)၊ ၁၁၂ လမ်းနေ ဦးထွန်းစိန်-ဒေါ်ကျင်တို့၏ သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၃)၊ အောင်မင်္ဂလာလမ်းနေဦးညွန့်ဝေ-ဒေါ်သန်းစိန်တို့၏ သားသမက်၊ ဒေါ်နိုင်နိုင်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းထွန်း-ဒေါ်သန်းသန်းဝေ၊ မအေးအေးဝေ၊ ကိုသက်ဇော်-မဖြူဖြူဝင်းတို့၏ညီ/မောင်၊ မောင်လှိုင်ထွန်းဇော်၏ အစ်ကို၊ မောင်ဇေယျာမင်းခန့် (ပထမတန်း၊အမက-၆၊ တာမွေ)၊ မောင်မင်းထူးခန့်တို့၏ မွေးသဖခင် ကျေးဇူးရှင် သည် ၄-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၆-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝဏ္ဏ (၃၃)နှစ်

B.A(စိတ်ပညာ)

A.G.T.I (စက်မှုပုံစံပြု)

အလုပ်ရုံခွဲမှူး(စက်မှု)

အင်းငါးခွသကြားစက်(ပေါက်ခေါင်း)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁)၊ဝေဠုဝန်(၁)လမ်းနေ ဦးအောင်အောင်-ဒေါ်မြင့် သိန်းတို့၏သားထွေး၊ ကိုကျော်ကျော်ဝင်း-မစုစုအောင်၊ ကိုမြတ်သူရ(ခ)ကိုသီဟတို့၏ညီ/မောင်၊ ကိုဝဏ္ဏသည် ၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆-၇-၂၀၀၄(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀း၃၀ နာရီတွင်ထွက်မည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ်ဒါယကာကြီး

ဦးကျင်စိုး (၉၁)နှစ်

(ညောင်လေးပင်)

ရန်ကုန်တိုင်း၊ မ/ဒဂုံမြို့သစ်မြို့နယ်၊ (၃၅)ရပ်ကွက်၊ အမှတ်(၅၅၁)၊ သမိန်ဗရမ်းလမ်းနေ (ဦးအေး-ဒေါ်ယဲ)တို့၏ သား၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမောင်မောင်အေး-ဒေါ်ခင်ခင်စိုး၊ ဦးကြီးစိုး-ဒေါက်တာဒေါ်တင်တင်ဦး၊ ဦးထွန်းလွင်-ဒေါ်အေးအေးစိုး၊ (ဦးတင်စိုး)၊ ဦးသက်စိုး-ဒေါ်ပပဝင်းတို့၏ သည် ၂-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒ အရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးကျော်ညွန့်(၈၇)နှစ်

(ခရမ်းပွဲရုံတန်း)

ရန်ကုန်တောင်ပိုင်းခရိုင်၊ ခရမ်းမြို့၊ အမှတ်(၅)ရပ်ကွက်၊ ပွဲရုံတန်းနေ ဦးထွန်းရင်-ဒေါ်သဲရင်၊ ဦးဖိုးဆန်း-ဒေါ်ငွေမြင့်တို့၏သားသမက်၊ (ဦးအောင် စိုး၊ အထက-၂)-ဒေါ်လှလှဝင်း၊ ဦးသိန်းထိုက်-ဒေါ်ရီ၊ ဒေါ်အေးရီ(ကျွဲကူး-ကျောက်ဖျာတံတားစီမံကိန်း)တို့၏ဖခင်၊ ကိုကျော်ရဲထွဋ်(ကျွဲကူး-ကျောက်ဖျာတံတားစီမံကိန်း)၊ကိုရဲမြင့်သူ၊ ကိုအောင်မျိုး၊ ကိုထက်အာကာကျော်တို့၏ဖခင်၊ (ဒေါ်ဝက်)၏ ခင်ပွန်းသည် ၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၇-၂၀၀၄ရက်တွင် ခရမ်းသုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးမောင်မောင်(ခ)ဦးအောင်ဒင်

အသက်(၇၈)နှစ်

(ငါးသိုင်းချောင်း)

သစ်တောဝန်ထောက် (ဦးဝင့်မော်-ဒေါ်မျိုးရီ)တို့၏ သား၊ ဇီးကုန်းမြို့နေ သစ်တောဝန်ထောက်(ဦးကံရင်- ဒေါ်စောကျင်)တို့၏ သားသမက်၊ မန္တလေးမြို့၊ မိုးတားကျောင်းတိုက်မှ ဦးဝါယာမ၏ ရဟန်းဒါယကာကြီး၊ ရန်ကုန်မြို့၊အမှတ် (၂၅၇)၊ (ပထပ်-ယာ)၊ ဆိပ်ကမ်းသာလမ်းနေ ဒေါ်လှမြိုင်၏ ခင်ပွန်း၊ ဦးမျိုးဝင်း (ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ခင်ခင်ဦး(လမ်းဦးစီးပြည်သူ့ ဆောက်လုပ်ရေး)၊ (ဦးရာဇာ)၊ ဦးနန်းနွယ် (R.O)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်ခင်ဖြူဝင်း(အထက၊ ကျောက်တံတား)၊ (ဦးသိန်းအောင်)၊ ဦးမျိုးညွန့်(E.E Moonsoon Ship) - ဒေါ်ခင်ခင်ပြုံး၊ ဒေါ်စိုးစိုး(ငွေစာရင်း၊ ရန်ကုန်တက္ကသိုလ်) တို့၏ကျေးဇူးရှင်ဖခင်၊မြေးလေးယောက်တို့၏ အဘိုးသည် ၅-၇-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pu Gin Za Hau

အသက်(၆၆)နှစ်

တကက-ဆေး(ငြိမ်း)

ဥက္ကဋ္ဌ၊ဇိုနှစ်ခြင်းအသင်းတော်၊ရန်ကုန်

(ZBCY)

(Phaitu)

ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်၊ ဖိုင်တူကျေးရွာနေ (Pu Lun Pau)- Pi Sian Za Noတို့၏သားကြီး၊ ရန်ကုန်မြို့၊ သုဝဏ္ဏ၊(၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ်(၁၁၀/၈)နေ Pi Niang Nuam Mang(ခ) ဒေါ်မန်နိုး၏ ခင်ပွန်း၊ Pa Thang Do Pau- Nu Man Zam No၊ Nu Zeel Lam Cing- Pa Lian Khan Khup၊ Nu Vung Nuam Niang- Pa Gin Khan Pau၊ (Tg Dong Khan Pau)၊ (Pa Cin Za Khen)-Nu Cin Khan Nian ၊Nu Dong Hau Niang- Pa Suan Khan Gin၊ Nu Man Lian Vung- Rev.Pa Let Suan Pau၊ Pa Gin Za Thang- Nu Goih Nuam Cing၊ Nu Zeel Go Niang- Pa Cin Khen Hang၊ Nu Mang Lun Cing- Rev.Mang Lian Hau (ခ) Rev. မင်းဟောက်(တာချီလိတ်)တို့၏ အစ်ကိုကြီး၊ Nu No Kho Dim- Rev. Cin En Thang၊ Pa Pau Lian Mang- Nu Ngai Hau Cing၊ Pastor Pau Lun- Nu Neen Nuam Mang၊ Pa Pau Thang- Nu Pau En Niang၊ Tg Mang Tung Lian၊ Nu Cing Lun Niang- Pa.Mang Thang၊ Tg Thang Hau တို့၏ မွေးသဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၄-၇-၂၀၀၄ရက်တွင်ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၆-၇-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အမှတ်(၁၂၅)၊ ဗားကရာလမ်း၊ စမ်းချောင်း ချင်းနှစ်ခြင်းခရစ်ယာန် သာသနာ့ရိပ်သာ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [နေအိမ်၊ ပတ္တမြား၊ ပုလဲမြို့သစ် နီလာမှတ်တိုင်နှင့် လှိုင်သာယာ(၁၆) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးရှေ့မှကားများ မွန်းတည့် ၁၂နာရီတွင် ဘုရားကျောင်းသို့ ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဥာဏ

သိက္ခာတော်(၇၇)ဝါ၊ သက်တော်(၉၇)နှစ်

မြို့နယ် သြဝါဒါစရိယဆရာတော်

ထားဝယ်ရဟန်းတော်များအသင်း၏ သြဝါဒါစရိယ ဆရာတော်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ဓမ္မပါလကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မြို့နယ်သြဝါဒါစရိယ၊ ထားဝယ်ရဟန်းတော်များအသင်း၏ သြဝါဒါစရိယ ဘဒ္ဒန္တဥာဏသက်တော်ရှည်ဆရာတော်ကြီးသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ရက်)၊၂၈-၆-၂၀၀၄(တနင်္လာနေ့) ညနေ ၃း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (၁၃၆၆ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်၇ရက်)၈-၇-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကိုဓမ္မပါလကျောင်းတိုက်ကြီးအတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

တောင်ငူမြို့၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော်

ဘဒ္ဒန္တ ဝိသာရဒပဏ္ဍိတ

အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်

သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်

ပဲခူးတိုင်း၊ တောင်ငူမြို့၊ မြို့ကြီးလမ်း၊ လောကုတ္တရာရပ်၊ ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ရွှေကျင်နိကာယဗဟိုဝန်ဆောင်၊ ပဲခူးတိုင်းသံဃနာယက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတသည်(၁၃၆၆ခုနှစ်၊ ပထမဝါဆိုလဆန်း၁၄ရက်) ၃၀-၆-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၀နာရီတွင် ဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၆၆ခုနှစ် ပထဝါဆိုလပြည့်ကျော် ၅ရက်) ၆-၇-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကိုဝိသုဒ္ဓါရုံသိမ်ဦးပရိယတ္တိစာသင်တိုက်အတွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။ ဈာပနကော်မတီ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊ ရေဒါယကာကြီး

ဦးစိုးရှိန်(၁၀၂)နှစ်

(ပါဒကြီး၊ ကျောက်တန်းမြို့)

ကျောက်တန်းမြို့၊ပါဒကြီးရွာနေ (ဒေါ်သိန်းမေ)၏ခင်ပွန်း၊ (ဦးကျော်-ဒေါ်စိန်မေ)၊ (ဦးစိန်ညွန့်)-ဒေါ်လှမြိုင်တို့၏အစ်ကို၊ ဦးအုန်းမြင့်-ဒေါ်ခင်တင့်တင့်၊ ဦးထွန်းရှိန်-ဒေါ်ကြည်ကြည်ဝင်း၊ဦးစိုးသိန်း-ဒေါ်လှဌေး၊ ဦးခင်မောင်ဦး-ဒေါ်ဌေးဌေးတို့၏ဘကြီး၊ မြေး၁၁ယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၅-၇-၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၇-၇-၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ပါဒကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အရှေ့ပိုင်းကမ်းနားလမ်း၊ အမှတ်၁၃၈ နေအိမ်မှကားများ နံနက်၁၁း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကျောင်းအမကြီး

ဒေါ်မြတင်(၇၅)နှစ်

(ကြည့်မြင်တိုင် ကမ်းနားဈေး)

ရန်ကုန်တိုင်း၊မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ခရေရိပ်သာ၊ ခြံအမှတ်(၁၀၁)နှင့် ကြည့်မြင်တိုင်မြို့နယ် ဌာနာလမ်း၊ အမှတ်(၇၀)နေ (ဦးမောင်သန်း-ဒေါ်လှရှင်)တို့၏သမီးကြီး၊ ဒေါ်ခင်ရီ၊ ဒေါ်ငွေရီ(ဆောက်/လျှပ်မန်နေဂျာ၊ငြိမ်း)၊ ဒေါ်စိန်ရီ (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ ဒေါ်ကြည်ကြည်၊ ဒေါ်ဝင်းဝင်းခိုင်(လ/ထ ညွှန်ကြားရေးမှူး စီးပွား/ကူးသန်းဦးစီး)၊ ဦးအောင်ဝင်းမောင်(New Way)တို့၏ ချစ်လှစွာသောအစ်မကြီး ဒေါ်မြတင်သည် ၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၀၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၇၀၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ဥ(၈၈)နှစ်

(သုံးဆယ်)

သာယာဝတီခရိုင်၊ သုံးဆယ်မြို့နေ (ဦးဘစိုး-ဒေါ်ရွှေမှုံ)တို့၏သမီး၊ (ဒေါ်နု)၊ (ဦးအေးမောင်)တို့၏ ညီမ၊ ဒေါ်ရှု၏ အစ်မ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၅/၇)နေ (ဦးအောင်ချစ်)၏ဇနီး၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်လေးတို့၏မိခင်၊ မောင်တိုးတိုးအောင်၊ မခင်ရတနာ၊ မခင်အင်ကြင်းကျော်တို့၏ ချစ်လှစွာသော အဘွားသည် ၄-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ကိုအောင်သန်းထွန်း (၃၅) နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁၈)၊ ၁၁၂ လမ်းနေ ဦးထွန်းစိန်-ဒေါ်ကျင်တို့၏ သားငယ်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၃)၊ အောင်မင်္ဂလာလမ်းနေ ဦးညွန့်ဝေ-ဒေါ်သန်းစိန်တို့၏သားသမက်၊ ဒေါ်နိုင်နိုင်ဝေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းကြည်)-ဒေါ်စန်းစန်းအေး၊ ဦးဝင်းကြည်-ဒေါ်မာရီထွန်း၊ ကိုဝေဝေထွန်း-မနီနီအောင်တို့၏ ညီ/မောင်၊ မစောမာထွန်း၊ မောင်အောင်စိုးထွန်း-မဝင်းမာထွန်းတို့၏ အစ်ကို၊ မောင်ဇေယျာမင်းခန့်၊ မောင်မင်းထူးခန့်တို့၏ မွေးသဖခင်၊ တူ၊ တူမ ငါးယောက်တို့၏ ဦးလေးသည် ၄-၇-၂၀၀၄ ရက်တွင် ကွယ်လွန်သွား၍ ၆-၇-၂၀၀၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီယူစွဖ်(ခ)ဦးမျိုးမြင့်အောင်

အသက်(၅၇)နှစ်

ရုပ်ရှင်ဒါရိုက်တာနှင့်ထုတ်လုပ်သူ

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၁၅၄)၊ ဗိုလ်ဆွန်ပက်လမ်းနေ (အဗ္ဗဒုရ်ရှကူးရ်၊အုတ်ဖို)-ဟာဂျီမဒေါ်မိုင်မူနာဘီတို့၏ ဒုတိယသားကြီး၊ အမှတ်(၂၉၇)၊ မဟာဗန္ဓုလပန်းခြံလမ်းနေ (မိုဟာမက်ဟာရှင်နဂရ်စေ့သ်)-ဒေါ်ခိုင်ရွှန်ဘီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂) ရပ်ကွက်၊ခြံအမှတ်(၄)နေ [ဟာဂျီမ ဆာရာဘီဘီ(ခ)ဒေါ်ချိုချို (တက္ကသိုလ်ချိုချို)]၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီမ ဒေါ်ခင်သန္တာအောင်-ဟာဂျီဦးဌေးမောင်၊ စောမြတ်စန္ဒာအောင်-အောင်ဆန်းမင်း၊ ဟိန်းဇော်မျိုးအောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မြေးသုံးယောက်တို့၏ အဘိုး ဟာဂျီယူစွဖ်(ခ)ဒါရိုက်တာဦးမျိုးမြင့်အောင်သည် ၅-၇-၂၀၀၄ရက်နံနက် ၆နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ အစွာရ်အပြီးတွင် ရေဝေး စွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်ပြည့်ဖြိုးအောင်(ခ)

မောင်ဘိုဘိုကျော် အသက်(၂၀)

အထက(၅)တာမွေကျောင်းသားဟောင်း

ရန်ကုန်မြို့၊ အမှတ် ၂၁၅၊ ငါးထပ်ကြီး ဘုရားလမ်းသွယ်၊ငါးထပ်ကြီး တောင်ပိုင်း ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးအေးကျော် (ဗဟိုဆေးသိုလှောင်ရေး)- ဒေါ်နွယ်နွယ် အေးတို့၏သား၊ မောင်မျိုးသန့်-မဇာလီ အေးကျော်၊မောင်ကျော်ဇေယျာတို့၏ ညီ၊ မမေသူကျော်၏ အစ်ကို မောင်ပြည့်ဖြိုးအောင်(ခ)မောင်ဘိုဘိုကျော်သည် ၁-၇-၂၀၀၄ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်ပြီး ၃-၇-၂၀၀၄ရက်တွင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

လက်တွဲဝန်းရံ အမျိုးသား ညီလာခံ

ဇူလိုင် ၅ ရက်က အမျိုးသား ညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ကျင်းပစဉ်။

(သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ကာ ဖိဖိစီးစီး ဆောင်ရွက်ပေးမှုကြောင့် နိုင်ငံတော်အတွင်း ဒေသအားလုံး မျှမျှတတ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ် နိုင်ငံတော်ကြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပြည်သူများဘက်က တက်ညီလက်ညီကြိုးပမ်း

ရန်ကုန် ဇူလိုင် ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်း မတ္တရာမြို့ရှိ ဘုရင့်နောင်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မတ္တရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးညွန့်က မတ္တရာမြို့နယ်၏ ဖွဲ့စည်းပုံ၊ လူဦးရေ၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး၊ မြေသယံဇာတ၊ ရေသယံဇာတ၊ စိုက်ပျိုးရေး၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု၊ဝမ်းစာစပါးနှင့် ဆီဖူလုံမှုအခြေအနေ၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အဆင့်မြင့်မြို့တော်ဆေးရုံ

ဇူလိုင် ၃ ရက်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဆင့်မြင့်မြို့တော်ဆေးရုံတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)